မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၂ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများရရှိရေး ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆက်သွယ်ရယူဖော်ဆောင်နိုင်ရေး ပြောင်းလဲဆောင်ရွက်

လူတစ်စုမျက်နှာကိုမကြည့်ဘဲ ပြည်သူအများ ပူးပေါင်းပါဝင်လာနိုင်မှုအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီဖော်ဆောင်

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လမ်းညွှန်မိန့်ကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လမ်းညွှန်မိန့်ကြားရာတွင် မိမိတို့ အစိုးရ စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး ဦးတည်လျက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူတို့၏ဘဝလုံခြုံရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်လာရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ ဒုတိယအဆင့် မဟာဗျူဟာ ပြုပြင်ပြောင်းလဲမှုအဖြစ် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ထိရောက်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနအလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုသောလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအလိုက်၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပြီး ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

ထိုသို့ စီမံဆောင်ရွက်ရာတွင် ပြည်သူတို့၏ စားဝတ်နေရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေးမှအစ ထိထိရောက်ရောက် ပြောင်းလဲတိုးတက်မည့် အစီအမံများကို စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ငွေကြေး၊ အရင်းအနှီးနှင့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့လိုအပ်ရာ နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ နိုင်ငံတကာအကူအညီ၊ အထောက်အပံ့နှင့် ချေးငွေ စသည်တို့ကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားစဉ်။ (သတင်းစဉ်)

လည်းကောင်း ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆက်သွယ်လက်ခံရယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အဆိုပါ နိုင်ငံတကာ အကူအညီအထောက်အပံ့နှင့် ရင်းနှီးမြှုပ်နှံမှုများအား ကဏ္ဍအလိုက်၊ ဒေသအလိုက် ရည်မှန်းသည့် ဖွံ့ဖြိုးမှုနှုန်းထားအလိုက် တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတို့၏ လူမှုစီးပွားရေးလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး၊ ဆင်းရဲမှုနှုန်းလျော့ကျရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ထိထိရောက်ရောက် အသုံးပြုသွားနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် *စာမျက်နှာ ၈ ကော်လံ ၁* ◆

* ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများကို ပုဂ္ဂလိက ကဏ္ဍအချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် အစိုးရသို့ အကြံပြုပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ လူမှုစီးပွားရေးအကြံပေးကောင်စီဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်။
* နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်အလျောက် အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ သမဝါယမအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများသည် ပြည်သူတို့၏ လူမှုစီးပွားရေးကို မြှင့်တင်ကြိုးပမ်းကြရမည့် အဓိကအဖွဲ့အစည်းများဖြစ်။
* တိုင်းပြည်ပြုပြင်ပြောင်းလဲ တိုးတက်ရေးအတွက် ပြည်ပရောက်မြန်မာပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များသာမက အလုပ်မျိုးစုံ သွားရောက်လုပ်ကိုင်နေကြသူများကို အမိနိုင်ငံ တိုးတက်ရေးအတွက် ပြန်လာကြရန် ထပ်မံဖိတ်ခေါ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဩစတြေးလျ၌ ရှေးနှစ်ပေါင်း ၁၃ သန်းခန့်က သားပိုက်ကောင်အရိုးစုတွေ့ရှိ စာ-၄

ပရီးမီးယားလိဂ်ဖလားပြိုင်ပွဲ မန်ယူ-မန်စီးတီး ဆက်လက်အားပြိုင်ကြမည် စာ-၁၀

အမြင့် ၁၄ ပေကျော်ရှိ ကမ္ဘာ့အကြီးဆုံး စစ်တုရင်ဘုရင်ရုပ် အမေရိကန်နိုင်ငံတွင် တည်ဆောက်ပြသ စာ ၅

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မေ ၁၂ ရက်)

လူမှန်၊ စာရင်းမှန်၊ တိုးတက်မှုအမှန်

မြန်မာနိုင်ငံ၏လူဦးရေသည် သန်း ၆၀ နီးပါးဟု ပြောဆိုနေကြသည်။ ထိုအထဲတွင် လက်ရှိ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဟု ပြောဆိုရေးသားကြ၏။ မည်သို့ပင်ရှိစေ ယနေ့နိုင်ငံတွင် ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာ၌ မှန်ကန်သောမူဝါဒများ ချမှတ်နိုင်ရေးအတွက် လူဦးရေစာရင်း အမှန်ဖြစ်ဖို့လည်း လိုအပ်လာပြီဖြစ်သည်။ လူဦးရေမှန်၊ စာရင်းမှန်မှလည်း မူဝါဒလည်း မှန်မည်ဖြစ်သလို တိုးတက်မှုလည်း မှန်မည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် မူဝါဒများချမှတ်ဆောင်ရွက်ကြရပါသည်။ စီးပွားရေးမူဝါဒ၊ ပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒ အစရှိသဖြင့် မူဝါဒအမျိုးမျိုး ချမှတ်ဆောင်ရွက်ကြရပါသည်။ ထိုမူဝါဒများအားလုံးသည် လူဦးရေသန်းခေါင်စာရင်းပေါ်တွင် တည်မှီလျက်ရှိပါသည်။ ထို့ကြောင့်လည်း လူဦးရေသန်းခေါင်စာရင်း တည့်မတ်မှန်ကန်ရေးသည် အထူးအရေးကြီးပေသည်။

မြန်မာနိုင်ငံတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ဦးဆောင်ဦးရွက်ပြုပြီး ကော်မတီအဆင့်ဆင့်တို့၏ ကြီးကြပ်မှု၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက် အကူအညီပေးမှုတို့နှင့်အတူ လာမည့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ ဤသန်းခေါင်စာရင်းကောက်ယူမှုသည် မြန်မာနိုင်ငံတွင် နှစ် ၃၀ ကျော်အတွင်း ပထမဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခဲ့မှုကို လေ့လာကြည့်လျှင် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ပေသည်။ ထို့အရင်က လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မကျေးရွာ အုပ်စု ၂၁၄၃ ခုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ ခုတို့တွင် သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။

ယခုလာမည့် ၂၀၁၄ ခုနှစ်တွင်ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်မာသည့် အခြေခံစာရင်းအင်းများရရှိစေရန်၊ နောင်လာမည့်နှစ်များအတွက် စီမံကိန်းများရေးဆွဲရာတွင် ပိုမိုတိကျမှု ရှိသော ခိုင်မာသည့် ခန့်မှန်းလူဦးရေများတွက်ချက်ပေးနိုင်ရန်၊ မွေးဖွားမှု၊ သေဆုံးမှု၊ လူဦးရေပြောင်းလဲမှု အခြေအနေများ ခန့်မှန်းနိုင်ရန်နှင့် အခြားလူဦးရေဆိုင်ရာ သုတေသနလုပ်ငန်းများပြုလုပ်နိုင်စေရန်၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားနမူနာကောက်စစ်တမ်းများအတွက် အခြေခံစာရင်းများရရှိစေရန်၊ တိုင်းရင်းသား မျိုးနွယ်စုများနှင့် ပတ်သက်သည့် မျိုးနွယ်စုများ၏ အမည်အခေါ်အဝေါ်တို့ကို မှန်မှန်ကန်ကန် ပြုစုနိုင်ရန်၊ ၎င်းတို့၏ နေရပ်ဒေသတည်ရှိမှုများကို မှန်မှန်ကန်ကန် ဆန်းစစ်နိုင်ရန်နှင့် နိုင်ငံတော်၏လူဦးရေဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့ပင် ဖြစ်ပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သလို ခက်ခဲရှုပ်ထွေးလှပေရာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ပြည်သူအပေါင်းတို့က အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူလျက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မော်ကျွန်း၌ ကျေးလက်စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း မေ ၁၁

မော်လမြိုင်ကျွန်းမြို့နယ် ကသဲမျှင် ထီဆိပ်ရေကျော်ကျေးရွာအုပ်စု ကသဲမျှင် ကျေးရွာကိုယ့်အားကိုယ်ကိုး နဝဒေး ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးလက်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံ အုပ်ရေ ၁၀၀နှင့် မော်လမြိုင်ကျွန်း မြို့နေ ဦးဟုတ်ကြိုင် မိသားစုက သုတရသနှင့် ဂျာနယ်မျိုးစုံ အုပ်ရေ ၅၈၅ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ နဝဒေးစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်က လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျားပေ ၂၀၊ အနံ ပေ ၂၀ရှိ တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူများက ငွေကျပ် သိန်း ၆၀ ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (ဝ၆၅)

ဇီဝလုံခြုံမှု မြှင့်တင်ရေး ဟိုပင်၌ ဟောပြော

ဟိုပင် မေ ၁၁

ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဇီဝလုံခြုံမှု မြှင့်တင်ရေးဟောပြောပွဲကို မေ ၆ ရက် နံနက် ၉ နာရီက ဟိုပင်မြို့နယ်ခွဲ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (မွေးမြူရေး)

ရွှေပြည်သာမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

ရွှေပြည်သာ မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ရပ်ရွာပညာပဒေသာဌာနတွင် အမျိုးသမီး သက်ကြီးစာဖတ်ဝိုင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းကကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကံမြင့်နှင့်အဖွဲ့ဝင်များသည် သက်ကြီးစာဖတ်ဝါသနာရှင်တို့နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ ဘဝသာယာရေး၏ နီးနှောဆက်သွယ်ချက် ရရှိမှုများကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး စာအုပ်မျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၁၆၆)

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အီတလီကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဦးအေးလွင်နှင့် လုပ်ငန်းရှင်များအား အီတလီနိုင်ငံ ITALCEMENTI၊ CEO Mr. Carlo Pesenti ဦးဆောင်သည့် အီတလီနိုင်ငံကုမ္ပဏီခြောက်ခုမှ အဆင့်မြင့်လုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ဧပြီ ၂၆ရက် နံနက်၁၁နာရီခွဲတွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံရာတွင် အီတလီလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ကျောက်မျက်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ သိရှိလိုသည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ စက်မှုလုပ်ငန်း အခြေအနေများ၊ ဘိလပ်မြေစက်ရုံများ လေ့လာနိုင်သည့်ကိစ္စများ၊ အီတလီလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုပါက အသင်းချုပ်မှ အကူအညီပေးမည့်ကိစ္စများ၊ နှစ်နိုင်ငံလုပ်ငန်းရှင်များအကြား အပြန်အလှန် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ (အောက်ပုံ)

(ကုန်သည်/စက်မှုအသင်းချုပ်)

စွမ်းအင်ဆိုင်ရာဖိုရမ် ကျင်းပမည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံတွင် အသစ်တစ်ဖန်ပြုလုပ်၍ရသောစွမ်းအင် (Renewable Energy)နှင့် စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မှု(Energy Efficiency)နည်းပညာပိုမိုကျယ်ပြန့်စွာ အသုံးချလာစေရေးနှင့် စီးပွားဖြစ် ပိုမိုလုပ်ကိုင်လာစေရေး၊ ပြည်တွင်းပြည်ပမှ နည်းပညာများကို လေ့လာနိုင်စေရေး ရည်ရွယ်ချက်တို့ဖြင့် Renewable Energy၊ Energy Efficiency Business & Finance Forum (REBF-2012)ဖိုရမ်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေ ၂၃ ရက်နှင့် ၂၄ ရက်များတွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည် ဖြစ်သည်။

CLEAN & GREEN TECH ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ပြခန်းများ၊ ထုတ်ကုန်များ၊ နည်းပညာနှီးနှောဖလှယ်ပွဲများ၊ လုပ်ငန်းများပူးပေါင်းဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စား တက်ရောက်လိုသူများသည် ဖုန်း-၅၇၁၂၈၄သို့ ကြိုတင်စာရင်းပေး၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၁

ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာနနှင့် Soft Guide Computer Co., Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် အဆင့်မြင့်ကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမှတ် (၁) အခြေခံပညာဦးစီးဌာန ICT သင်တန်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ (ဝဲပုံ) ယင်းနောက် သင်တန်းထူးချွန် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၆၈)

ဟသ်ာတမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ဟသ်ာတ မေ ၁၁

ဟသ်ာတမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မိုးအောင်က ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမာနှင့် စာရေးဆရာ ဦးမျိုးမြင့်သိန်း (မျိုးသစ်)တို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဖွဲ့စည်းရေးအတွက် တက်ရောက်လာကြသော စာရေးဆရာများက အများသဘောတူ အမှုဆောင် ငါးဦးကို ရွေးချယ်ခဲ့ကြသည်။ ထို့နောက် ရွေးချယ်ခံရသည့် အမှုဆောင် ငါးဦးက လျှို့ဝှက် မဲဆန္ဒပေး၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးတို့ကို အပြန်အလှန် ဆန္ဒပြု ရွေးချယ်ခဲ့ကြရာ ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ အတွင်းရေးမှူး ဦးအေးဆွေ၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်စောဝင်း၊ အမှုဆောင် ဦးမြင့်အောင်နှင့် ဦးသန်းဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၇၅)

မူခင်းကင်းမဲ့ရက်သတ္တပတ် ဟောပြော

ရန်ကုန် မေ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့၏ မူခင်းကင်းမဲ့ရက်သတ္တပတ် ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီက သဃ်န်းကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေးက မြို့နယ်အတွင်း မူခင်းကင်းမဲ့ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ (ယာပုံ)

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အမှာစကား ပြောကြားပြီး မြို့နယ်တွဲဖက်တရားသူကြီး ဦးကျော်သောင်းက တရားခံများ၏ ပြစ်မှုဖြစ်စဉ် ကျူးလွန်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောကြကြောင်း သိရှိရသည်။ (ဝ၂၅)

ဒုတိယဝန်ကြီး ဦးဌေးအောင်အား
အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် (heading: ညွှန်သည်အဖွဲ့ တွေ့ဆုံ)

နေပြည်တော် မေ ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr.Kunio Senga ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ သည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga က မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့်အညီ အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) က အကူအညီပေးရန် အဆင်သင့်ရှိကြောင်း၊ ယင်းအကူအညီ များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုး ကျေးဇူးရရှိစေမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲ နိုင်ရန် နော်ဝေနိုင်ငံအစိုးရနှင့်အာရှ ဖွံ့ဖြိုး ရေးဘဏ်တို့၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ယူမှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ခရီး သွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသဖြင့် အာရုံစိုက် ဆောင်ရွက် နေရကြောင်း၊ ယင်းကိစ္စအတွက် ADB Missionမှ အကူအညီပေးစေလိုကြောင်း၊ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဂျာမနီ နိုင်ငံ Hanns Seidel Foundation အကူအညီဖြင့် ဖေဖော်ဝါရီလအတွင်း၌ ကျင်းပနိုင်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတိုးတက်လာမှု အခြေ အနေများ၊ ရန်ကုန်မြို့ရှိ ဟိုတယ်အရေ အတွက်၊ အခန်းအရေအတွက်၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် အခန်း အရေအတွက်တို့ကို ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်၌ စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးခွန်သိန်းမောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးများ၊ ပြည်နယ်အဆင့် ဌာန ဆိုင်ရာများနှင့် ခရိုင် ၁၃ ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများအား နှစ်စဉ်စီမံကိန်းတာဝန်များကို ပေးအပ်သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးများက ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

၁၂-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၅:၂၀ MRTV-4သတင်း
- ၆:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၉)
- ၇:၂၀ MRTV-4သတင်း
- ၈:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၃)
- ၁၁:၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၅)
- ၂:၀၀ MRTV-4 သတင်း
- ၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၃)
- ၅:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၆)
- ၂:၅၀ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ

နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရှိသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် (ခရီးသည်တင်ဘတ်စ်မှအပ) မော်တော်ယာဉ်များကို ဘယ်မောင်း ညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုမည့်အစီအစဉ် ထုတ်ပြန်ကြေညာချက်

၂၀၁၂ ခုနှစ် မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၂) ၏ ဆုံးဖြတ်ချက်အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် (ခရီးသည်တင်ဘတ်စ်မှအပ) ဘယ်မောင်းညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းသတင်းကို ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားလိုသူများအနေဖြင့် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေး ကော်မတီသို့ လာရောက်လျှောက်ထားနိုင်သည် -

(က) မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်လွှာ
(ခ) မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ
(ဂ) ဘဏ်စာအုပ်မူရင်းနှင့်မိတ္တူ
(ဃ) အိမ်ထောင်စုစာရင်းမူရင်းနှင့်မိတ္တူ
(င) တင်သွင်းမည့်မော်တော်ယာဉ်အတွက် Invoice မူရင်း
(စ) မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ စိစစ် ခွင့်ပြုခဲ့သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ခွင့်ပြုပါမစ်ထုတ်ပေးခဲ့သည့် စာရင်းတွင်မပါဝင်ကြောင်း ခံဝန်ကတိပြုချက်

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အနေဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်လာရောက်လျှောက်ထားသူများ အဆင်ပြေ ချောမွေ့ စေရေးနှင့် စိတ်ချမ်းသာစွာဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ရှိ စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)တွင် ဝန်ထမ်းများ အဆင်သင့် စုဖွဲ့စီစဉ်ထားရှိပြီး ၂၀၁၂ ခုနှစ် မေလ ၁၁ ရက်(သောကြာနေ့)မှ စတင်၍ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ ထုတ်ပေးနေပြီဖြစ်ပါကြောင်းနှင့် အဆိုပါနိုင်ငံခြားငွေစာရင်းရှိသူ နိုင်ငံသားများအား မော်တော်ယာဉ် တင်သွင်း ခွင့်ပြုမည့် အစီအစဉ်ဆိုင်းငံ့ထားသည်ဟု ဖြစ်ပေါ်နေသည့် ကောလာဟလသတင်း များ မှန်ကန်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ

တောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ လျော့နည်းနိုင်

နေပြည်တော် မေ ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် နေရာကျဲကျဲ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များ မှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ချောင်းဆုံမြို့ တွင် ၁ ဒသမ ၈၉ လက်မ၊ မိုးကုတ်မြို့တွင် ဝ ဒသမ ၉၄ လက်မ၊ ဟားခါးမြို့တွင် ဝ ဒသမ ၈၆ လက်မနှင့် ပလက်ဝမြို့တွင် ဝ ဒသမ ၇၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက် ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ် တို့တွင်နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

၂၀၁၂ ခုနှစ် မေလတတိယ သီတင်းပတ်ရက်များအတွက် မိုးလေဝသခန့်မှန်း ချက်မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင် တံခွန်စိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁၁

အားကစားဝန်ကြီးဌာန အားကစား နှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာ နိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်း အား ကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစား ပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာ့ရိုးရာစစ်တုရင် တံခွန်စိုက်ပြိုင်ပွဲ အတွက် အလှူငွေကျပ် ၁၅သိန်း ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံယူ သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မိုးက ပြိုင်ပွဲ၌အဆင့် (၇)မှ အဆင့်(၁၂) အထိ ရရှိကြသူများ အား ဆုကြေးငွေများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချကီးယို (လူထု/ ပညာ)က ပထမမှ ဆဋ္ဌမအဆင့် အထိရရှိကြသူများအား ဆုကြေးငွေများ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယဆုရ အုန်းကျော် (ပြည်ထဲရေး ဝန်ကြီးဌာန)၊ ဒုတိယဆုရ ငြိမ်းချမ်း (လယ်/ဆည်)နှင့် ပထမဆုရ နေဦး ကျော်ထွန်း (ပြည်ထဲရေးဝန်ကြီးဌာန) တို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမရရှိသော နေဦးကျော်ထွန်း (ပြည်ထဲ ရေးဝန်ကြီးဌာန)အား မြန်မာ့ရိုးရာ စစ်တုရင် တံခွန်စိုက်ရုပ်တုဆုကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်က ပထမရရှိသော နေဦး ကျော်ထွန်း (ပြည်ထဲရေးဝန်ကြီးဌာန) အား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

အင်းခရမ်းချဉ်သီး လှိုင်လှိုင်ထွက် စားသုံးသူတို့အတွက် ဈေးနှုန်းချို

ညောင်ရွှေ မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့သည် အင်းလေးကန်၏ တံခါးပေါက်ကြီး ဖြစ်ပြီး အင်းလေးမှထွက်ရှိသော ခရမ်းချဉ်သီးသိုလှောင်ဖြန့်ချီရာ ကုန်စည်ဒိုင်ကြီး ဖြစ်သည်။

အင်းလေးဒေသသည် တစ်နှစ်ပတ်လုံးခရမ်းချဉ်သီးထွက်ရှိသည်။ ယခုအခါ ဧပြီလနောက်ဆုံးပတ်မှ စတင်ပြီး နွေရာသီနှင့်လိုက်ဖက်သော အခွံမာ၊ အလုံးကြီး၊ သယ်ပို့ရာတွင်ခံနိုင်ရည်ရှိသည့် မျိုးများကို စိုက်ပျိုးလျက်ရှိသည်။ အင်းလေးအရှေ့ ၁၀ရွာနှင့် အနောက်ရွာများမှ လှိုင်လှိုင်ထွက်ရှိသောကြောင့် ခရမ်းချဉ်သီး ဈေးအေး နေကြောင်း သိရသည်။

ယမန်နှစ်က အင်းလေးကန်ရာသီဥတုကြောင့် ကုန်းခရမ်းချဉ်သီးမစိုက်နိုင်၍ ကျွန်းမျောခရမ်းချဉ်သီးသာ စိုက်ပျိုးခဲ့ရာ အင်းခရမ်းချဉ်သီးတစ်ပိဿာ ငွေကျပ် ၉၀၀ အထိ ဈေးကောင်းရခဲ့သည်။ ယခုရာသီစတွင် မိုးလေကောင်းခြင်း၊ စိုက်ပျိုးမှုများခြင်း ကြောင့် တစ်ပိဿာငွေကျပ် ၁၀၀ သာရှိသည်။ ယခုအခါအင်းခရမ်းချဉ်သီး လှိုင်လှိုင် ထွက်ရှိပြီး ဈေးကျသဖြင့် စားသုံးသူတို့ ဈေးနှုန်းသက်သာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၆၄)

ဇလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပူဇော်ကန်တော့

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာတို့ ပူးပေါင်း၍ အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲကို ဧပြီ ၃၀ ရက်က (၁၉)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်နှင့် အဖွဲ့ဝင်များက ငွေနှင့်အာဟာရ မုန့်တို့ဖြင့် ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

တောင်ကိုရီးယား၌ မောင်းသူမဲ့လေယာဉ်ပျက်ကျ အင်ဂျင်နီယာတစ်ဦးသေဆုံး၊ အခြားသူများဒဏ်ရာရ

ဆိုးလ် မေ ၁၁

တောင်ကိုရီးယားနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်တစ်စင်း စမ်းသပ်ပျံသန်းစဉ် ပျက်ကျခဲ့ရာ ဩစတြီးယားအင်ဂျင်နီယာတစ်ဦး သေဆုံးပြီး ၎င်းနှင့်အတူ တွဲဖက်လုပ်ကိုင်နေသူ တောင်ကိုရီးယားနိုင်ငံသားနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့အနောက်ပိုင်း စစ်ဘက်အခြေစိုက်စခန်းအတွက် အဆိုပါအင်ဂျင်နီယာသုံးဦးတို့က မောင်းသူမဲ့လေယာဉ် စမ်းသပ်ပျံသန်းမှုပြုလုပ်နေစဉ် **(အပေါ်ပုံ)** ၎င်းတို့၏ ပျံသန်းမှု ထိန်းချုပ်ရေးမော်တော်ယာဉ်ပေါ်သို့ မောင်းသူမဲ့လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

အက်စ်-၁၀၀ အမည်ရှိ မောင်းသူမဲ့လေယာဉ်ကို မော်တော်ယာဉ်တစ်စင်းအတွင်းမှ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်စမ်းသပ်ပျံသန်းမှု ပြုလုပ်နေခြင်းဖြစ်ပြီး ဩစတြီးယားအင်ဂျင်နီယာမှာ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

၎င်းမောင်းသူမဲ့လေယာဉ်သည် အလေးချိန်ပေါင် ၃၃၀ ရှိပြီး အမေရိကန်ဒေါ်လာ ၅ သန်းခန့် အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုသို့ မောင်းသူမဲ့လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်ရှိ အခြားလူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ဩစတြေးလျ၌ ရှေးနှစ်ပေါင်း ၁၃ သန်းခန့်က သားပိုက်ကောင်အရိုးစုတွေ့ရှိ

ဆစ်ဒနီ မေ ၁၁

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၃ သန်းခန့်က အသက်ရှင် ကျက်စားခဲ့သော သားပိုက်ကောင်မျိုးစိတ်ဝင် တိရစ္ဆာန်တစ်ကောင်၏ အရိုးစုကို ဩစတြေးလျသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ကမ္ဘာပေါ်ရှိ သစ်ပင်များပေါ်တွင် တွယ်တက်ကျက်စားလျက်ရှိသော အရွယ်အစားအကြီးမားဆုံး သားပိုက်ကောင်မျိုးစိတ်၏ရုပ်ကြွင်းဖြစ်သည်ဟု ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင် ကာရင်ဘလက်က ပြောကြားသည်။

အဆိုပါသားပိုက်ကောင်၏ ခန္ဓာကိုယ်အရွယ်အစားမှာ အလေးချိန် ၁၅၄ ပေါင်ခန့်ရှိပြီး ဩစတြေးလျနိုင်ငံ တစ်နိုင်ငံတည်း၌သာ ကျက်စားခဲ့သည့် တိရစ္ဆာန်မျိုးစိတ်ဖြစ်သည်။ ၎င်းတိရစ္ဆာန်အရိုးစုကို လွန်ခဲ့သော နှစ်ပေါင်း ၁၅ သန်းခန့်က ဖြစ်တည်ခဲ့သော ကွင်းစလန်းပြည်နယ်အတွင်းရှိ ဂူတစ်ဂူအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ကမ္ဘာပေါ်တွင် ခန္ဓာကိုယ်အရွယ်အစားကြီးမားပြီး သစ်ပင်တက်ကာ လှုပ်ရှားသွားလာတတ်သည့် တိရစ္ဆာန်အမျိုးအစားဖြစ်ကြောင်း၊ ၎င်း၏ဦးခေါင်းခွံနှင့် အရိုးတို့ကို သုတေသနပြုခဲ့ရာမှ တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ပီရူးကမ်းခြေ၌ ကျေးငှက်နှင့်လင်းပိုင်များသေဆုံးနေ

လီမာ မေ ၁၁

ပီရူးနိုင်ငံမြောက်ပိုင်းကမ်းခြေတွင် ကျေးငှက်အကောင်ရေ ၅၀၀၀ခန့်နှင့် လင်းပိုင်ကောင်ရေ ၉၀၀ခန့်သေဆုံးနေသည်ကိုတွေ့ရှိခဲ့ကြောင်း ပီရူးအရာရှိများက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ယင်းမှာ ပစိဖိတ်သမုဒ္ဒရာရေပြင်အပူချိန် မြင့်တက်လာမှုကြောင့် ထိုသို့သေဆုံးရခြင်းဖြစ်နိုင်ကြောင်း၊ ထို့အပြင် ပီရူးနိုင်ငံမြောက်ပိုင်း ကမ်းလွန်ရေပြင်တွင် မကြာမီရက်များက လောင်စာဆီတင်သင်္ဘောတစ်စင်းမှ လောင်စာဆီယိုဖိတ်မှုများ ဖြစ်ပေါ်ခဲ့၍ဖြစ်နိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။

သို့သော်ပီရူးနိုင်ငံသဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနကမူ ပင်လယ်ရေအပူချိန်မြင့်တက်လာမှုနှင့် အစားအစာများ ရှာဖွေစားသောက်ရမှုများ ခက်ခဲလာ၍ဖြစ်နိုင်ကြောင်း ပြောကြားသည်။ သေဆုံးနေသောကျေးငှက်များနှင့် လင်းပိုင်များကို လေ့လာသုတေသနပြုခဲ့ရာ ဆိုးရွားထူးခြားသော အခြေအနေမျိုး မတွေ့ရကြောင်း၊ ပင်လယ်ရေအပူချိန် မြင့်တက်မှုကြောင့်ဖြစ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နျူထိပ်ဖူးသယ်နိုင်သည့် တာတိုပစ်ဒုံးပျံ ပါကစ္စတန် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် မေ ၁၁

ပါကစ္စတန်နိုင်ငံအနေဖြင့် နျူကလီးယားထိပ်ဖူးများ သယ်ဆောင်နိုင်သည့် တာတိုပစ်ဒုံးပျံကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က မေ ၁၀ ရက်တွင် ကြေညာသည်။

သယ်ဆောင်နိုင်

မိုင် ၂၀၀ ကျော် ပစ်မှတ်ကိုပစ်နိုင်သည့် ဟက်ဖ်-၃ ဒုံးပျံ **(ဝဲပုံ)**ကို ပါကစ္စတန်နိုင်ငံက မေ ၁၀ ရက်တွင် ပစ်လွှတ်နိုင်ခြင်းဖြစ်သည်။ အဆိုပါဒုံးပျံသည် သမားရိုးကျထိပ်ဖူးများကိုလည်း သယ်ဆောင်နိုင်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အိန္ဒိယနိုင်ငံက တာဝေးပစ်ဒုံးပျံကို ပစ်လွှတ်ခြင်းနှင့်စပ်လျဉ်း၍ ပါကစ္စတန်က တာလတ်ပစ်ဒုံးပျံယှဉ်ပြိုင်ပစ်လွှတ်အပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ပါကစ္စတန်က ယခုထပ်မံ၍ တာတိုပစ်ဒုံးပျံကို အောင်မြင်စွာပစ်လွှတ်စမ်းသပ်နိုင်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

တရုတ်၌ ရေလွှမ်းမိုး ၂၄ ဦးသေ၊ ၄၀ ကျော် ထိခိုက်ဒဏ်ရာရ

ပေကျင်း မေ ၁၁

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ် မင်ကျန်ခရိုင်တွင် မေ ၁၀ ရက်က လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားကာ အနည်းဆုံး ၂၄ ဦးသေဆုံးပြီး ၄၀ ကျော် ထိခိုက်ဒဏ်ရာရသွားသည်။

အရှိန်ကောင်းဆဲရေလွှမ်းမိုးမှုတွင် လူ ၃၃ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသခံတာဝန်ရှိသူများက မေ ၁၁ ရက်တွင် ပြောကြားသည်။ အဆိုပါမုန်တိုင်းကြောင့် ယင်းနေ့ ညနေ ၅ နာရီမှ ၆ နာရီအတွင်း မိုးများသည်းထန်စွာရွာသွန်းခဲ့သည်။

တစ်နာရီကြာ မိုးသည်းထန်စွာရွာသွန်းအပြီးတွင် ခရိုင်အတွင်းရှိ မြို့နယ် ၁၈ ခုအနက် မြို့နယ် ၁၇ ခုနှင့် ကျေးရွာများကို ရေလွှမ်းသွားခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်များ၊ ဆေးရုံများနှင့် စာသင်ကျောင်းများပျက်စီးခဲ့ရသည်။ **(အင်တာနက်)**

ဂရိရေနံတင်သင်္ဘော ပင်လယ်ဓားပြများ အပိုင်စီး

အေသင် မေ ၁၁

ဂရိပိုင်ရေနံတင်သင်္ဘောတစ်စင်းကို အာရေဘီယံပင်လယ်အတွင်း ပင်လယ်ဓားပြများ အပိုင်စီးထားကြောင်း သင်္ဘောအော်ပရေတာတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

ပြောကြား

အိုမန်ပင်လယ်ကွေ့အတွင်း ပြန်ပေးဆွဲခံခဲ့ရသည့် ၎င်းသင်္ဘောတွင် ရေနံတန်ချိန် ၁၃၅၀၀၀ တန် တင်ဆောင်ခဲ့ကြောင်း မေ ၁၀ ရက် ဂရင်းနစ်စံတော်ချိန် ၁၁ နာရီ ၅၀ မိနစ်တွင် သင်္ဘောနှင့် ဆက်သွယ်မှုပြတ်တောက်သွားကြောင်း ၎င်းသင်္ဘောအား ပိုင်ဆိုင်သောကုမ္ပဏီက ပြောကြားသည်။

အိုမန်ကမ်းခြေမှ ကီလိုမီတာ ၆၃၀ ခန့်တွင် ပြန်ပေးဆွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သင်္ဘောပေါ်တွင် အမှုထမ်း ၁၅ ဦး လိုက်ပါခဲ့ပြီး ၎င်းတို့မှာ အိန္ဒိယနိုင်ငံသားများနှင့် ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအစုံအလင် ၁၁-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အမေရိကန်ထီသမိုင်း၌ မကြုံဖူးသည့်သန်းထီဆုကြီး အငြိမ်းစားဝန်ထမ်းဇနီးမောင်နှံစုံတွဲဆွတ်ခူး

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်မှ အငြိမ်းစားဇနီးမောင်နှံစုံတွဲတစ်တွဲဖြစ်သည့် မာလီဘတ်တလာနှင့် ပက်ဘတ်တလာတို့သည် ၎င်းတို့ထိုးထားသည့် ထီလက်မှတ်တစ်စောင်မှ အမေရိကန်သမိုင်းတွင်မကြုံဖူးသေးသည့် သန်းဆုကြီးဆွတ်ခူးရရှိခဲ့ကြောင်း၊ အဆိုပါအငြိမ်းစားဇနီးမောင်နှံသည် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်ရှိ မြို့ငယ်လေးတစ်မြို့ဖြစ်သည့် ရက်ဒ်ဘတ်မြို့ ထီဆိုင်တစ်ဆိုင်မှ အမေရိကန်ဒေါ်လာ ၆၂၆ သန်း ထီဆုကြီးပေါက်ခဲ့ကြောင်း မေ ၁၀ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အသက်အာမခံလုပ်ငန်းကုမ္ပဏီတွင် ကွန်ပျူတာစစ်ဆေးရေးမှူးဖြစ်သူ မာလီသည် လွန်ခဲ့သောရှစ်နှစ်က ယင်းလုပ်ငန်းမှ အငြိမ်းစားယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ဇနီးမှာလည်း အက်ဝပ်ဂျိုးကုမ္ပဏီနည်းပညာဌာနမှ လွန်ခဲ့သော ငါးနှစ်က အငြိမ်းစားယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့မိသားစုသည် သာမန်လူတန်းစားသာဖြစ်ကြောင်း၊ အခွန်ထမ်းခြင်း၊ ၎င်းတို့၏ မိသားစုနှင့် မြို့ကို ချစ်ခင်တွယ်တာခြင်းနှင့်အတူ နေအိမ်အား အကောင်းဆုံး ထိန်းသိမ်းစောင့်ရှောက်ကာ အချိန်ကုန်ဆုံးစေခဲ့ကြောင်း မာလီဘတ်တလာက ပြောကြားခဲ့သည်။ မာလီနှင့်ပက်တို့ ဇနီးမောင်နှံ (အပေါ်ပုံ) သည် အဆိုပါများပြားသည့် ထီဆုကြေးငွေများအား မည်သို့လုပ်ဆောင်ရမည်ကို စီစဉ်ထားခြင်းမရှိသေးဟု ဆိုသည်။

အာဂျင်တီးနားတပ်ဖွဲ့ဝင်များ ကိုကင်းတန်ဝက်သိမ်းဆည်းရမိ

အာဂျင်တီးနားရဲတပ်ဖွဲ့ဝင်များသည် အာဂျင်တီးနားနိုင်ငံအတွင်းရှိ ဘူနေ့စ်အီရက်စ်ပြည်နယ် ပါဂမီနိုဒေသမှ ကိုကင်းတန်တစ်ဝက်ကို သိမ်းဆည်းရမိခဲ့ကြောင်း အဆိုပါဒေသရှိ အဓိကစစ်ဆေးရေးဂိတ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါစစ်ဆေးရေးဂိတ်ရှိအရာရှိများ၏ ပြောကြားချက်အရ ဗီယာအဝေးပြေးလမ်းမကြီးပေါ်တွင် ဘူနေ့စ်အီရက်စ်သို့ ဦးတည်သွားသည့် ဘင်ကားတစ်စီးအား အဓိကစစ်ဆေးရေးဂိတ်တစ်ခု၌ ရပ်ခိုင်းပြီး လေ့ကျင့်ပေးထားသော အနံ့ခံခွေးများဖြင့်ရှာဖွေခဲ့ရာ အတုပြုလုပ်ထားသည့် အဆိုပါယာဉ်ကိုယ်ထည်အောက်ပိုင်းအတွင်း၌ ဝှက်ထားသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ရွေးကောက်ပွဲအပြီး အယ်လ်ဂျီးရီးယားနိုင်ငံ၏ အနာဂတ်

တိုး - ရေးသားသည်

အယ်လ်ဂျီးရီးယားနိုင်ငံ ရွေးကောက်ပွဲကို မေ ၁၀ ရက်(ကြာသပတေးနေ့)က ကျင်းပသည်။ ထိုရွေးကောက်ပွဲမှာ အောက်လွှတ်တော်ရွေးကောက်ပွဲဖြစ်ပြီး ငါးနှစ်သက်တမ်းရှိ အမတ်နေရာ ၄၆၂ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြခြင်းဖြစ်သည်။ အသစ်ဖွဲ့စည်းထူထောင်သည့် ပါတီ ၂၁ ပါတီ အပါအဝင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီပေါင်း ၄၄ ပါတီရှိကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် လူဦးရေ ၃၇ ဒသမ ၁ သန်းရှိသည်။

ကမ္ဘာပေါ်၌ ဘယ်နိုင်ငံမျှ သမိုင်းကြောင်းတွင် ပန်းခင်းသောလမ်းချည်း လျှောက်လှမ်း ဖြတ်သန်းခဲ့ရသည်ဟူ၍ ကား မရှိနိုင်ပါပေ။ သို့သော် သမိုင်းတစ်လျှောက် ဖြတ်သန်းကျော်လွှားပုံချင်းကား ဘယ်နည်းနှင့်မျှ ထပ်တူမဖြစ်နိုင်။ အယ်လ်ဂျီးရီးယားနိုင်ငံကား စိတ်ဝင်စားစရာဖြစ်သည်။

အတည်ပြု

၎င်းနိုင်ငံသည် အာဖရိကတိုက် မြောက်ပိုင်း မြေထဲပင်လယ်ဒေသ၌ တည်ရှိသည်။ ပြင်သစ်လက်အောက်တွင် ၁၃၂ နှစ်ကြာနေခဲ့ရသည်။ ခုနစ်နှစ်ခွဲကြာ လွတ်မြောက်ရေးစစ်ပွဲ ဆင်နွှဲပြီးနောက် ၁၉၆၂ ခုနှစ် ဇူလိုင် ၅ ရက်တွင် လွတ်လပ်ရေးရရှိသည်။ အုပ်ချုပ်သူနှင့် ပြည်သူတို့အကြား ပဋိညာဉ်ဖြစ်သည့် ပထမဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၆၃ ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

ပျက်ပြယ်

၁၉၆၅ ခုနှစ်တွင် ပထမဆုံး သမ္မတ အာမက်ဘင်ဘဲလားကို စစ်တပ်က အာဏာသိမ်းလိုက်သောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြယ်သွားသည်။ ဒုတိယ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘူမီဒီယင်းက ၁၉၇၆ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည်။ ၁၉၈၈ ခုနှစ်တွင် အပြောင်းအလဲဖြစ်ပြီးနောက် ပါတီစုံဒီမိုကရေစီကို အခြေချပေးသည့် တတိယဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်တွင် အတည်ပြုခဲ့သည်။

အသက်ဆုံးရှုံး

၁၉၉၂ ခုနှစ်တွင် ပထမဆုံးလွတ်လပ်သည့် ရွေးကောက်ပွဲကို ကျင်းပရာမှ အရေးပေါ်ကြေညာရသည်အထိ တင်းမာပြီးပြည်တွင်းစစ်ဖြစ်ခဲ့ရသည်။ လူပေါင်း ၁၅၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းနောက် ရွေးကောက်ပွဲများကို ၁၉၉၇ ခုနှစ်၊ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ကျင်းပခဲ့သည်။

ချန်ထား

မေ ၁၀ ရက်က ကျင်းပသည့် ရွေးကောက်ပွဲ၌ ပါတီပေါင်း ၄၄ ပါတီ ဝင်ရောက် အရွေးခံရမှုမှာ ၎င်းနိုင်ငံ ဖြတ်သန်းခဲ့ရသည့်သမိုင်းကို ကြည့်သောအခါ ဘာမျှမဆန်းကြောင်း သုံးသပ်နိုင်ပေသည်။ တကယ်တော့ အောက်လွှတ်တော်တွင် အမတ်နေရာ စုစုပေါင်း ၄၇၀ ရှိသည်။ ကျန်ရှစ်နေရာမှာ ပြည်ပရောက် အယ်လ်ဂျီးရီးယားနိုင်ငံသားများအတွက် ချန်ထားခြင်းဖြစ်သည်။

၎င်းနိုင်ငံတွင် လွှတ်တော်နှစ်ရပ်ထားရှိသည်။ အထက်လွှတ်တော်တွင် အမတ်နေရာ စုစုပေါင်း ၁၄၄ နေရာရှိသည့် အနက် ၉၆နေရာကိုသာ လူမျိုးစုကောင်စီများက ရွေးချယ်တင်မြှောက်ပေးရသည်။ ကျန် ၄၈ နေရာကိုမူ နိုင်ငံတော်သမ္မတက ခန့်အပ်သည်။

၁၉၆၂ ခုနှစ်တွင် အယ်လ်ဂျီးရီးယား နိုင်ငံလွတ်လပ်ရေးရကတည်းက သမ္မတ နိုင်ငံအဖြစ် ထူထောင်လာခဲ့ခြင်းဖြစ်

အာဖရိကတိုက်တွင် အကြီးဆုံး၊ အာရပ်ကမ္ဘာတွင် အကြီးဆုံး၊ မြေထဲပင်လယ်ဒေသတွင် အကြီးဆုံးနိုင်ငံဟူသော ဝိသေသ လက္ခဏာရှိသည့် အယ်လ်ဂျီးရီးယားနိုင်ငံရှိ ပါလီမန်အဆောက်အအုံ။

သည်။ သမ္မတကို အရွယ်ရောက်သူ နိုင်ငံသားများက ငါးနှစ်သက်တမ်း အတွက် တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့်စနစ်ကို ကျင့်သုံးသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကလည်း သမ္မတကို နိုင်ငံတော်၏ စီမံခန့်ခွဲရေးရာကိစ္စများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် ပြဋ္ဌာန်း ပေးထားသည်။ နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီး တာဝန်ကိုယူပြီးလျှင် လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်လည်း ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ကိုခန့်အပ်နိုင်သည့် အာဏာ ရှိသည်။ ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကိုလည်း ခန့်အပ်သည်။

ဝိသေသလက္ခဏာ

ကမ္ဘာ့အလယ်၌ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရန်မှာ-နယ်မြေပိုင်နက်၊ ပြည်သူ၊ အစိုးရနှင့် အချုပ်အခြာအာဏာဟူသော အင်္ဂါလေးရပ်ရှိရမည်ဖြစ်သည်။အယ်လ်ဂျီးရီးယားနိုင်ငံသည် ထိုအင်္ဂါရပ်များနှင့် ပြည့်စုံရုံမျှမက ထူးခြားချက်များရှိနေသည်ကို တွေ့ရမည်ဖြစ်၏။ ယင်းမှာ ဧရိယာ စတုရန်းကီလိုမီတာ ၂၃၈၁၇၄၁ ကျယ်ဝန်းသည့် နယ်မြေပိုင်နက်ကို ရရှိပိုင်ဆိုင်ထားသည့်အတွက် အာဖရိကတိုက်တွင် အကြီးဆုံး၊ အာရပ်ကမ္ဘာတွင် အကြီးဆုံး၊ မြေထဲပင်လယ်ဒေသတွင် အကြီးဆုံးနိုင်ငံဟူသော ဝိသေသလက္ခဏာရှိသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကြီးသုံးကြီးနှင့် ပြည့်စုံသော နိုင်ငံဟူ၍ သမုတ်နိုင်ပါသည်။ ကမ္ဘာ့ရွာငြိမ်းချမ်းသမျှ ၎င်းဝိသေသလက္ခဏာ တည်ရှိနေမည်ဖြစ်သည်။

လက်တွဲဆောင်ရွက်

ယခုအခါ အယ်လ်ဂျီးရီးယားနိုင်ငံသည် ကုလသမဂ္ဂ၊ အာဖရိကသမဂ္ဂ (အေယူ)၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၊ အာရပ်အဖွဲ့ချုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ နိုင်ငံအတွင်း ရွှေ၊ ယူရေနီယံ၊ သွပ်နှင့်သံသတ္တုများ ထွက်ရှိသည့်အပြင်ရေနံနှင့် သဘာဝဓာတ်ငွေ့များ အကြီးအကျယ် ထုတ်လုပ်ရောင်းချနိုင်သည့် အားလျော်စွာ ၁၉၆၉ခုနှစ်တွင် ရေနံရောင်း၊ နိုင်ငံများအဖွဲ့ဝင် (အိုပက်) နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ထိုမျှမက အာရပ်မာဂရက်ဗ်သမဂ္ဂထူထောင်ရေးတွင် အခြားနိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

သွက်လက်စွာပါဝင်

ထို့ကြောင့် ကြီးသုံးကြီးနှင့်ပြည့်စုံသော အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် ၎င်းရွေးကောက်ပွဲအပြီးတွင် ဒေသတွင်းနှင့် နိုင်ငံတကာရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကမ္ဘာ့တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများအပြင် ကမ္ဘာ့ရွာတည်ဆောက်ရေး လုပ်ငန်းများတွင်ပါ ပိုမိုသွက်လက်စွာ ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုပါသည်။ ။

ကိုးကား-အင်တာနက်

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-ရေးသားသည်



အမြင့် ၁၄ ပေကျော်ရှိ ကမ္ဘာ့အကြီးဆုံး စစ်တုရင်ဘုရင်ရုပ် အမေရိကန်နိုင်ငံတွင် တည်ဆောက်ပြသ

ဆန့်တာအန်နာ မေ ၁၁

အမေရိကန်နိုင်ငံရှိ မစ်ဆောရီစစ်တုရင်ကလပ်အသင်းသည် ကမ္ဘာ့အကြီးဆုံး စစ်တုရင်ဘုရင်ရုပ်ကို တည်ဆောက်ပြသခဲ့သည်။ ထိုစစ်တုရင်ဘုရင်ရုပ်၏အမြင့်မှာ ၁၄ ပေခွဲရှိပြီး အလေးချိန် ပေါင် ၂၂၈၀ ရှိသည်။ **(အပေါ်ပုံ)**

စိန့်လူးဝစ်မြို့ရှိ ကမ္ဘာ့စစ်တုရင်ခန်းမဆောင်ကြီး၏ ရှေ့မျက်နှာစာတွင် ပြသထားသည့် ယခုစစ်တုရင်ဘုရင်ရုပ်ကို စစ်တုရင်ကလပ်က RG ဆောက်လုပ်ရေးလုပ်ငန်းသို့ အပ်နှံတည်ဆောက်စေခဲ့ခြင်းဖြစ်ကြောင်း The Post Dispatch သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ပိုမိုစိတ်ဝင်စားလာ

"အခုအရုပ်ကြီးကို တည်ဆောက်ခဲ့ရတဲ့ရည်ရွယ်ချက်က စိန့်လူးဝစ်မြို့အတွင်းမှာ စစ်တုရင်ကစားခြင်းအပေါ် ပိုမိုစိတ်ဝင်စားလာစေဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ကလပ်၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုစစ်တုရင်ရုပ်ကြီးကို မေ ၈ ရက်တွင် စတင်ကျင်းပသည့် ၂၀၁၂ ခုနှစ် အမေရိကန်စစ်တုရင်ချန်ပီယံရှစ်ပြိုင်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရတည်ဆောက်ခြင်းဖြစ်ကြောင်း၊ ထိုပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်မှစတင်ကာ မစ်ဆောရီကလပ်က အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခုစစ်တုရင်ရုပ်ကို ကမ္ဘာ့အကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံရပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်ဂင်းနက်စ်မှတ်တမ်းဝင် ကမ္ဘာ့အကြီးဆုံးစစ်တုရင်ရုပ်မှာ အမြင့် ၁၃ ဒသမ ၁ ပေရှိသည့် ဆွီဒင်နိုင်ငံမှ ၂၀၀၃ ခုနှစ်တွင် တည်ဆောက်ခဲ့သော စစ်တုရင်ဘုရင်ရုပ်ဖြစ်သည်။ **(အင်တာနက်)**

ရှန်ဟိုင်းမော်တော်ကားကုမ္ပဏီမှ ကားစီးရေ ၄၇၄၂၅ စီး ဘရိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းသဖြင့် ပြန်လည်သိမ်းဆည်းမည်

ပေကျင်း မေ ၁၁

ရှန်ဟိုင်းဂျင်နရယ်မော်တာကုမ္ပဏီသည် Chevrolet Aveo မော်ဒယ်ကားစီးရေ ၄၇၄၂၅ စီး ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း မေ ၁၁ ရက်တွင် ကြေညာသည်။

အဆိုပါကားများရှိ ဘရိတ်ဆီထည့်သောနေရာတွင် ဘရိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များ တွေ့ရှိခြင်းကြောင့် ယခုကဲ့သို့ ပြန်လည်သိမ်းဆည်းရခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ သုံးစွဲသူများ အရည်အသွေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ **(ယာဉ်)**

ထိုကဲ့သို့ ဘရိတ်ဆီသိုလှောင်ရာ အစိတ်အပိုင်းတွင် ပြဿနာရှိသဖြင့် ကားမောင်းသူများအနေဖြင့် ဘရိတ်ဆီ လျော့နည်းယုတ်လျော့နေမှုကို သိရှိလိုက်နိုင်ခြင်းမရှိသဖြင့် မတော်တဆဖြစ်ပွားမှုများ ပေါ်ပေါက်နိုင်ကြောင်း အရည်အသွေးအကဲဖြတ်ရေးစီမံခန့်ခွဲရေးရာအထွေထွေဌာနက ပြောကြားသည်။ ပြန်လည်သိမ်းယူလိုက်သည့် ဘရိတ်ဆိုင်ရာ အနာအဆာရှိသောကားများတွင် ပြန်လည်ပြင်ဆင်တပ်ဆင်မှုများကို ရှန်ဟိုင်းဂျင်နရယ်မော်တာကုမ္ပဏီက ဆောင်ရွက်ပေးကာ အစားထိုးလဲလှယ်ခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးသည်းထန်ပြီးရေလွှမ်း၊ သေဆုံးသူ ၁၆ ဦးရှိ

ကဘူးလ် မေ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ တချို့ကဟာပြည်နယ်အတွင်း မိုးများသည်းထန်ပြီး ရေလွှမ်းမှုများကြောင့် သေဆုံးသူ ၁၆ ဦးရှိပြီး ၂၀ ခန့် ပျောက်ဆုံးနေကြောင်း ဒေသတာဝန်ရှိသူများက မေ ၁၁ ရက်တွင် ပြောကြားသည်။

ကဘူးလ်မြို့တော်မှ မြောက်ဘက် ၂၄၅ ကီလိုမီတာအကွာရှိ အက်ခ်ခါမစ်ရှ် ခရိုင်တွင် မေ ၁၀ ရက် ညနေပိုင်းက မိုးစတင်ရွာသွန်းပြီး နာရီအတန်ကြာ သည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုရေလွှမ်းမှုကြောင့် မန်ဒါရာကျေးရွာအတွင်း လူ ၁၆ ဦး သေဆုံးပြီး ၂၀ ပျောက်ဆုံးလျက်ရှိကြောင်း ယင်းပြည်နယ်၏ မြို့တော် တဲလ်လီကွာမြို့မှ ပြန်ကြားရေးတာဝန်ခံတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ (ဝဲပုံ)

*ပျောက်ဆုံးနေသူများနှင့် နောက်ထပ် သေဆုံးသူများ ရှိ မရှိ သိရှိနိုင်ရေး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။ ခရိုင်အတွင်း အဆိုပါရေလွှမ်းမှု သဘာဝဘေးဒဏ်ကို အိမ်ခြေအများအပြား ကြုံတွေ့နေပြီး စိုက်ပျိုးမြေများလည်းပျက်စီးကြောင်း ၎င်းက နောက်ပိုင်းတွင် ထပ်မံသတင်းပေးပို့သည်။ ပြီးခဲ့သည့် သီတင်းနှစ်ပတ်ကျော်ကလည်း ဆာရီပူပြည်နယ်၌ မိုးကြီးမှုနှင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၆ ဦးအထိရှိခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)***

ယင်းမာပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၉ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တိပိဋ္ဋက ဓမ္မပါလဝိဟာရကျောင်းတိုက် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး စာသင်သံဃာတော် အိပ်ဆောင် ဆောက်လုပ်မည့် မြေနေရာနှင့် ဆွမ်းစားနှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အလောင်းတော်ကဿပ ကပိုင်-သီးကုန်းလမ်းကို ကြည့်ရှုစစ်ဆေးပြီး အလောင်းတော်ကဿပ မထေရ် ရုပ်ပွားတော်အား ဖူးမြော် ကြည်ညိုကာ အလောင်းတော်ကဿပ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အလောင်းတော်ကဿပ ဩဝါဒါစရိယဆရာတော်များအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလောင်းတော်ကဿပ ပတ်ဝန်းကျင်ရှိ သာသနာ့အဆောက်အအုံများကိစ္စ၊ လမ်းပန်းဆက်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို လျှောက်ထားခဲ့သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကပိုင်ကျေးရွာတိုက်နယ်ဆေးရုံ၌ လူနာများအား ကြည့်ရှုအားပေးကာ ကပိုင်ကျေးရွာ အထက်တန်းကျောင်းခွဲ ခန်းမဆောင်သစ် ဆောက်လုပ်မှုကို ကြည့်ရှု၍ညောင်ကိုင်းကျေးရွာ၌ ကျေးရွာလူထုနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအား အာရှဖွံ့ဖြိုးရေးဘဏ်အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံ

ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအား အာရှဖွံ့ဖြိုးရေးဘဏ်အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား ကုန်သွယ်မှုဆိုင်ရာကိစ္စနှင့် ပတ်သက်သည်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဘရွှေအား အမေရိကန်နိုင်ငံ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား အမေရိကန်နိုင်ငံ Open Society Institute မှ Higher Education Support Program, Director Mr. Jacques Fremont နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ဆွေးနွေးညှိနှိုင်း

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် အမေရိကန်နိုင်ငံ တက္ကသိုလ်များအကြား အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနနှင့်သင်ကြားရေး ဆရာ ဆရာမများ လေ့ကျင့်ပျိုးထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်
ကဆုန်လပြည့်ကျော် ၇ရက် (အဖိတ်နေ့)
၁၂-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

နေ့လယ်ပိုင်း

- ၁၁း၀၀ စစ်သည်တေး
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၁၀ **နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ**
- ၁၂း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၃)
- ၁၃း၃၅ **ရေဆန်စီးတဲ့မြစ်**
- ၁၄း၀၅ ရောင်စုံရေးသီတေးပန်းချီ
- ၁၄း၂၀ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၁၄း၃၅ အတီးပြိုင်ပွဲ
- ၁၄း၅၀ International News

ညပိုင်း

- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၅ International Science News
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၈း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံတကာသတင်းများ
  - -မိုးလေဝသအခြေအနေ

မြန်မာ့အလင်း ပြည်တွင်းကားဈေးကွက် ပြည်တွင်းကားဈေးကွက်

အပြောင်းအလဲများနှင့် ကားဈေးကွက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ခင်ရတနာ

ရန်ကုန် မေ ၁၁

ပြည်တွင်းကားဈေးကွက်အတွင်း ဈေးနှုန်းများ ကျဆင်းခဲ့သည့် ယခုရက်သတ္တပတ်အတွင်း၌ ကားဝယ်ယူသူများမှာလည်း မရှိသလောက် နည်းပါးခဲ့ခြင်းကြောင့် ကားပွဲစားများနှင့် ဝယ်ရောင်းအချို့ ရန်ကုန်ပြင်ပသို့ သွားရောက်ရောင်းချမှုများ ရှိနေကြောင်း သိရသည်။

"ကားတင်သွင်းခွင့်တွေ ခွင့်ပြုပေးလိုက်တော့ လက်ရှိကားဈေးကွက်မှာ အများကြီးကို ပြောင်းလဲသွားပါတယ်။ အမြင့်ကားတွေရော၊ အနိမ့်ကားတွေရော ဈေးတွေကျဆင်းနေပေမယ့် အဝယ်ကတော့ မရှိသလောက်ကို ရှားနေပါတယ်။ ဒါကြောင့် လက်ဝယ်ရှိသူတွေနဲ့ ကားအပိုင်ကိုင်ထားတဲ့ ပွဲစားအများစုက နယ်ဆင်းပြီး အဝယ်ရှာနေကြတာကို တွေ့ရပါတယ်" ဟု ဟံသာဝတီကားပွဲစားတန်းမှ မော်တော်ကားကျွမ်းကျင်သူတစ်ဦးက ပြောသည်။

လက်ရှိတွင် နယ်ကြိုက်ကားများဖြစ်သည့် အကြမ်းခံဘော်ဒီမာ ဟိုင်းလတ်၊ ဒပ်ပယ်ကပ်ကားများနှင့် ဆာ့ဖ်၊ ဘင်န်ကားများအား ဈေးနှုန်းများကျဆင်းလာမှုကြောင့် နယ်ဝယ်လက်များ စိတ်ဝင်စားလျက်ရှိနေကာ အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ကြောင်း ကားအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။

"အဓိကကတော့ ဝယ်လက်ပေါတဲ့ ပုသိမ်၊ ဟင်္သာတ၊ မော်လမြိုင်၊ ပြည်စတဲ့ ဒေသတွေကို အများဆုံးသွားရောင်းကြတယ်။ ဈေးတွေက မတည်ငြိမ်ဖြစ်နေတာရော၊ လက်ရှိ ကားပွဲစားတန်းမှာ အရောင်းအဝယ်အေးနေတာကြောင့် နယ်တွေဆင်းကြပေမယ့် နယ်ဝယ်လက်ကလည်း ဈေးနှိမ်ခြင်းကြောင့် ထင်သလောက် အရောင်းအဝယ်မဖြစ်ကြပါဘူး။ ဒါပေမယ့် လုပ်ငန်းရှင်မဟုတ်တဲ့ ငွေကြေးတတ်နိုင်တဲ့ အိမ်သုံးသမားတွေကတော့ ရန်ကုန်ကလာပြတဲ့ကားတွေကို ဝယ်ယူဖို့ စိတ်ဝင်စားလာကြတယ်"ဟု ကားဝယ်ရောင်းတစ်ဦးက ပြောပြသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြေလျှော့ပေးခဲ့သည့် နိုင်ငံခြားငွေစာရင်းရှိသူတိုင်း ၂၀၀၇ ခုနှစ်နောက်ပိုင်း ထုတ်ကားများအား လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့ကြောင်း သိခဲ့သည့်အတွက် ကားဈေးကွက်မှာ များစွာပြောင်းလဲခဲ့ပြီး မတင်သွင်းကြရသေးသူများ စိတ်ဝင်စားလေ့လာ လာသကဲ့သို့ မှာယူတင်သွင်းပြီးသူအများစု ဈေးနှုန်းအပြောင်းအလဲများကြောင့် ရတက်မအေးဖြစ်ခဲ့ကြရကြောင်း ကားလောကမှ သိရှိရသည်။

လက်ရှိတွင် ကားလောကအတွင်းရှိ ကားဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပြီး ယခင်က သိန်း ၄၀၀နှင့် ၃၀၀ကျော်တန် မော်ဒယ်မြင့်ကားများမှာ လက်ရှိတွင် သိန်း ၃၀၀ အောက်သာဈေးနှုန်းရှိတော့ပြီး ရန်ကုန်မြို့တော် လမ်းမကြီးများအတွင်း အများဆုံးမြင်တွေ့လျက်ရှိနေသည့် တရုတ်နိုင်ငံထုတ် ချယ်ရီဝက်ဂွန်များမှာ ငွေကျပ်သိန်း ၁၅၀ မှ ငွေကျပ်သိန်း ၁၃၀ ကျော် ဝန်းကျင်၌သာရှိတော့သည်။ လူကြိုက်များသည့် ရွှေငါးအမျိုးအစားကားအများစုမှာ ယခင်ငွေကျပ်သိန်း ၃၅၀ ဝန်းကျင်မှ ယခုအခါ ငွေကျပ်သိန်း ၂၆၀ ဝန်းကျင်သာရှိတော့ကြောင်း သိရှိရသည်။

"ကားဈေးတွေကျလာတာ နိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင် ကောင်းတဲ့လက္ခဏာပေါ့ဗျာ။ လူတိုင်းကားစီးနိုင်တဲ့ အခွင့်အရေးတွေပိုပြီးရလာတာပေါ့။ အရင်က သိန်း ၂၀၀ကျော်လောက်နဲ့ မော်ဒယ်မြင့်ကားတွေကို မစီးနိုင်ဘူးလေ။ အခုတော့ တော်ရုံပိုက်ဆံရှိရင် ကားကောင်းတစ်စီးလောက်တော့ ပိုင်ဆိုင်နိုင်ပြီပေါ့။

ဒါကတော့ ရေရှည်အနေနဲ့ပြောတာပါ။ လက်ရှိမှာတော့ ကားလောကသားတွေ အရမ်းကိုထိခိုက်ကုန်ပါတယ်။ တချို့ ဝယ်ရောင်းတွေဆိုရင် ရောက်ပြီးသားတွေရော၊ မှာထားတာတွေရော၊ ပါမစ်တွေရော အားလုံးထိကုန်လို့ ငုတ်တုတ်မေ့နေကြတယ်။ လက်ရှိအခြေအနေကတော့ ဘာမှကို ကြိုပြောလို့မရသေးပါဘူး။ ဝယ်လက်တွေကတော့ ကားဈေးနှုန်းတွေကို အရမ်းစုံစမ်းကြတယ်။ ဒါပေမယ့် ဈေးကိုမဖွင့်ရဲသေးဘဲ ဒီအတိုင်းကိုင်ထားနေကြရတယ်။ အရင်က သိန်း ၁၅၀ ဝန်းကျင်တန် ကားတင်သွင်းခွင့်ပါမစ်ဈေးကွက်တွေလည်း လက်ရှိမှာ သိန်း ၁၂၀ နဲ့တောင် ဝယ်မယ့်သူရှားတယ်"ဟု လက်ရှိမော်တော်ကားဈေးကွက်အား ရှင်းပြသည်။ မော်တော်ယာဉ်တင်သွင်းခွင့်များအား ထပ်တိုးခွင့်ပြုချက်များကြောင့် သဘော်သားများ ပြန်လည်ရောင်းချသည့် ကားတင်သွင်းခွင့်ပါမစ်ဈေးကွက်လည်း ပြုတ်ကျခဲ့ကာ ယခင်က သိန်း ၄၀ မှ ယခုလျှင် သိန်း ၂၀ ပင် မရချင်တော့ဟု သဘော်သားအသိုင်းအဝိုင်းထံမှ သိရှိရသည်။

မည်သို့ပင်ဆိုစေကာမူ လက်ရှိမြန်မာနိုင်ငံ၏ ကားအရောင်းအဝယ် ဈေးကွက်သည် တစ်နှစ်တာကာလအတွင်း ဈေးကွက်ပြောင်းလဲမှု သိသာထင်ရှားလာကာ မော်တော်ယာဉ်များကိုလည်း ပိုမိုများပြားစွာ မြင်တွေ့လာရပြီဖြစ်ပြီး အဆိုပါမော်တော်ယာဉ်မျိုးစုံတို့အား ထားရှိမည့် အခြေခံအဆောက်အအုံများဖြစ်ကြသော အဆင့်မြင့်ကားပါကင်၊ အဆင့်မြင့်လမ်း၊ တံတားများနှင့် စည်းကမ်းတကျ ယာဉ်စည်းကမ်းထိန်းသိမ်းမှုတို့ကိုပါ တစ်ပါတည်းဆောင်ရွက်သင့်လှကြောင်း ယာဉ်ပိုင်ရှင်အများစု အကြံပေးပြောကြားမှုကိုလည်း ကြားသိရသည်။

ပြည်တွင်းကားပြပွဲတစ်ခု၌ မော်ဒယ်မြင့်ကားတစ်စီးကို ပြသထားစဉ်။

ယာဉ်အိုယာဉ်ဟောင်းများအပ်နှံမှု ကိုးလတာခရီး

သတင်းမှတ်စုနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကညန၌ "န" အက္ခရာယာဉ်ဟောင်းများအပ်နှံစဉ်။

ရန်ကုန် မေ ၁၁

ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံမှု ပထမစီမံကိန်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်က စတင်ခဲ့ရာ ယခုအခါ ကိုးလတာ ခရီးရောက်ရှိခဲ့ပြီဖြစ်သည်။

ဧပြီလကုန်အထိ လာရောက်အပ်နှံသည့်ကားအစီးရေမှာ ၄၈၀၃၀ စီးဖြစ်ပြီး မူသေနံပါတ်အစီးရေ ၂၀၀၀၀ ကျော်ကို ပြန်လည်ထုတ်ပေးနိုင်ခဲ့ပြီး သွင်းကုန်ပါမစ်အရ ထုတ်ပေးခဲ့သည့် ကားအစီးရေမှာ ၄၁၉၉၃ စီးရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

"န" အက္ခရာ ယာဉ်အိုယာဉ်ဟောင်းများကို မေ ၃ ရက်က စတင်လက်ခံလျက်ရှိပြီး "န" အက္ခရာများ အပ်နှံမှု နည်းပါးလာပါက "ပ"အက္ခရာများကို ဆက်လက်လက်ခံပေးသွားမည် ဖြစ်ရာ "ပ"အက္ခရာများ လက်ခံပြီးမှသာ ဒုတိယအသုတ်စီမံကိန်းကို စတင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ၃ဃ/--- နံပါတ်များ ထုတ်ပေးလျက်ရှိရာ မေ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးအတွင်း၌ အသစ်စက်စက် ၃ဃ/--- ကားအသစ်တစ်စီးကို တွေ့ခဲ့ရသည်။

ကားကိစ္စလာရောက်ဆောင်ရွက်သူတစ်ဦးက ၃ဃ/---နံပါတ်တွေပြည့်သွားရင် ၄ဃ/--- နံပါတ်တွေ ထွက်လာတော့မှာဟု ဆိုခဲ့သည်။

ကောင်းမြတ်သူ – စုစည်းသည်

လေဒီဂါဂါရဲ့ ဘဝအကြောင်း ရိုက်ကူးထားတဲ့အယ်လ်ဘမ် မကြာမီထွက်ရှိလာမည်

လော့စ်အိန်ဂျလိစ် မေ ၁၁

အဆိုတော် လေဒီဂါဂါ (ဝဲပုံ)က သူမရဲ့လုပတက်ကြွတဲ့ ဟန်ပန်အမူအရာများနဲ့အတူ လာမယ့် မေ ၂၀ ရက်မှာ တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ်လို့ ဆိုပါတယ်။

အဆိုတော် လေဒီဂါဂါရဲ့ ဒီတေးအယ်လ်ဘမ်အမည်ကတော့ The Simpsonsလို့ အမည်ရပါတယ်။ ထူးခြားသောတင်ဆက်မှုတွေနဲ့အတူ ရှုစားရမှာဖြစ်ပါတယ်။ Born This Way အယ်လ်ဘမ်လို လူကြိုက်များမယ့် တေးအယ်လ်ဘမ်တစ်ချပ်လို့လည်း လေဒီဂါဂါက ပြောပါတယ်။

အဆိုတော် လေဒီဂါဂါဟာ မကြာမီက အာရှတစ်ခွင်မှာရှိတဲ့ သူမရဲ့ ပရိသတ်တွေကို သွားရောက်ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။

ရိုက်ကူး

လေဒီဂါဂါဟာ ဥရောပမှာသာ အောင်မြင်တဲ့ အဆိုတော်တစ်ယောက် မဟုတ်ပါဘူး။ အာရှပရိသတ်တွေ အများအပြားရှိပါတယ်။ သူမဟာ မကြာမီက ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်စတဲ့ နိုင်ငံအတော်များများ လှည့်လည်ဖျော်ဖြေခဲ့ပါတယ်။ ယခုထွက်မယ့် တေးအယ်လ်ဘမ်ဟာ အဆိုတော် လေဒီဂါဂါရဲ့ ဘဝပုံရိပ်တွေကို အဓိကပုံဖော်ရိုက်ကူးထားတဲ့ ဗီဒီယိုအယ်လ်ဘမ်ဖြစ်ပါတယ်။ Lisa Goes Gaga လို့ အမည်ရတဲ့သီချင်းဟာ ဒီအယ်လ်ဘမ်နဲ့ လေဒီဂါဂါရဲ့ ဘဝကိုရိုက်ကူးထားတဲ့ သီချင်းဖြစ်ပါတယ်။

အဆိုတော် လေဒီဂါဂါဟာ တစ်ခေတ်မှာတစ်ယောက်လို့ဆိုရအောင် ထူးထူးခြားခြား သီဆိုတင်ဆက်မှုတွေ အများအပြားရှိခဲ့ပါတယ်။ အသားတွေနဲ့ချုပ်လုပ်ထားတဲ့ အင်္ကျီကိုဝတ်ဆင်ပြသမှု၊ လေထဲကနေ ရုတ်တရက်ဆင်းလာပြီး သီဆိုမှု စတာတွေဟာ လေဒီဂါဂါရဲ့ထူးခြားတဲ့တင်ဆက်မှုတွေဖြစ်ပါတယ်။ ယခုထွက်ရှိလာမယ့် သီချင်းအယ်လ်ဘမ်ဟာ ဒီထူးခြားမှုတွေကို ရှုစားရမှာဖြစ်တယ်လို့ သူမကဆိုပါတယ်။

(အင်တာနက်)

အဆိုတော် ကယ်ရီအန်ဒါဝုဒ်ရဲ့ Blown Away အယ်လ်ဘမ် နံပါတ်တစ်အရောင်းရဆုံးဖြစ်

လော့စ်အိန်ဂျလိစ် မေ ၁၁

အမေရိကန်အိုင်ဒေါ့လ်ဆုလည်းရ၊ ကန်းထရီးဂီတကြယ်တစ်ပွင့်လည်းဖြစ်တဲ့ အဆိုတော်အန်ဒါဝုဒ် (ဝဲပုံ)ရဲ့ စတုတ္ထမြောက်စတူဒီယိုအယ်လ်ဘမ်ဖြစ်တဲ့ Blown Away နဲ့အတူ Billboard 200 Chart အရောင်းရဆုံးတေး အယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးသို့ရောက်ရှိခဲ့ပါတယ်။

Blown Away လို့အမည်ရတဲ့ ဒီတေးအယ်လ်ဘမ်ဟာ စတင်ရောင်းချတဲ့ ပထမအပတ်မှာပဲ ချပ်ရေ ၂၆၂၀၀၀ အထိ ရောင်းချခဲ့ရတယ်လို့ဆိုပါတယ်။ ဒီနှစ်အစောပိုင်းက အဆိုတော်မက်ဒေါနားရဲ့ MDNA လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ စတင်ရောင်းချတဲ့ပထမအပတ်မှာ ၃၅၈၀၀၀ ရောင်းချခဲ့ရပါတယ်။ ဒါကြောင့် အဆိုတော် ကယ်ရီအန်ဒါဝုဒ်ရဲ့ တေးအယ်လ်ဘမ်ဟာ စထွက်ပြီးပထမအပတ်မှာ ဒုတိယရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

ယခုထွက်တဲ့အဆိုတော်ကယ်ရီအန်ဒါဝုဒ်ရဲ့ စတူဒီယိုအယ်လ်ဘမ်ဟာ တတိယမြောက်နံပါတ်တစ်အရောင်းရဆုံးအယ်လ်ဘမ် ဖြစ်လာပါတယ်။ **(အင်တာနက်)**

အဆိုတော်ဘရစ်နေစပီးယား အကဲဖြတ်ဒိုင်လုပ်ဦးမည်

လော့စ်အိန်ဂျလိစ် မေ ၁၁

အဆိုတော်ဘရစ်နေစပီးယား **(ယာပုံ)**ဟာ အမေရိကန်ရုပ်မြင်သံကြားသီချင်းဆိုပြိုင်ပွဲရဲ့ The X Factor ဒိုင်ချုပ်အဖြစ်တာဝန်ယူဖို့ချဉ်းကပ်နေခဲ့တာကြာခဲ့ပါပြီ။ ယခုအခါမှာတော့ အဆိုတော်ဘရစ်နေစပီးယားဟာ The X Factorသီချင်းဆို ပြိုင်ပွဲရဲ့ ဒိုင်ချုပ်အလုပ်ကိုလုပ်ဖို့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အီးနယူးစ်ဂျာနယ်က ရေးသားဖော်ပြထားပါသည်။

The X Factor သီချင်းဆိုပြိုင်ပွဲဟာ ကမ္ဘာ့နိုင်ငံအတော်များများမှာ ရေပန်းစားလာတဲ့ ရုပ်မြင်သံကြားသီချင်းဆိုပြိုင်ပွဲဖြစ်ပါတယ်။ အဆိုတော်ဘရစ်နေစပီးယားနဲ့ X Factorအဖွဲ့တို့ဟာဆွေးနွေးညှိနှိုင်းနေတာတော့ကြာပါပြီ။ အဆိုတော် ဘရစ်နေစပီးယားအနေနဲ့ နောက်ဆုံးမှာ ဒိုင်ချုပ်လုပ်ကိုင်မှုကိုသဘောတူလိုက်ပါတယ်။

“ကျွန်မအနေနဲ့ X Factorရဲ့ ဒိုင်ချုပ်တာဝန်အလုပ်ကိုလုပ်ရမှာ ဂုဏ်လည်းယူမိသလို စိတ်လည်းလှုပ်ရှားနေမိပါတယ်”ဟု ဘရစ်နေစပီးယားက ပြောကြားပါတယ်။ အဆိုတော် ဘရစ်နေစပီးယားဟာ ၂၀၁၁ ခုနှစ်က Femme Fatale လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ကို နောက်ဆုံးထွက်ရှိခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်ကြောင့်လည်း အဆိုတော်ဘရစ်နေစပီးယားဟာ X Factorရဲ့ ဒိုင်ချုပ်အလုပ်ကို လုပ်ကိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒီအတွက်လည်းသူမဟာ အခြားသောဒိုင်အဖွဲ့ဝင်တွေဖြစ်တဲ့ ဆီမွန်ကောင်းဝဲလ်နဲ့ အယ်လ်အေရိတ်တို့နဲ့အတူ ဒိုင်အလုပ်ကိုလုပ်ကိုင်ခွင့်ရမှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

ရခိုင်ပြည်နယ်သို့ ခရီးသွားများ စိတ်ဝင်စားသော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့် ခရီးသွားများအခက်အခဲဖြစ်

မြောက်ဦး မေ ၁၁

မကြာသေးမီကမှ ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တည်ရှိရာ ဇုန်နယ်မြေများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ဝေသာလီကျေးရွာ၊သလ္လာဝတီကျေးရွာ(သလ္လာဝတီမြို့ဟောင်း) နှင့် ကျောက်တော်မြို့နယ် မဟာမုနိကျေးရွာ (ဓညဝတီမြို့ဟောင်း) တို့အား အာရှတိုက်၏ စိုးရိမ်ဖွယ်ရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းများအတွင်းထည့်သွင်းထားကြောင်း ကမ္ဘာ့အမွေအနှစ်များ ရန်ပုံငွေအဖွဲ့ Global Heritage Fund ကထုတ်ပြန်ခဲ့သည်ကို အင်တာနက်စာမျက်နှာများပေါ်၌ တွေ့ရှိရသည်။ အဆိုပါအဖွဲ့အစည်းသည် အာရှတိုက်အတွင်းရှိ ရှေးဟောင်းအနုသုခုမလက်ရာများ၏ ပျက်စီးဆုံးရှုံးမှုအန္တရာယ်နီးကပ်လျက်ရှိသော နေရာ ၁၀ ခုကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကာ အဆိုပါစာရင်းတွင် ရခိုင်ပြည်နယ်မှ မြောက်ဦးမြို့ အပါအဝင် ထိုင်းနိုင်ငံမှ အယုဒ္ဓယမြို့ဟောင်း၊ ဖိလစ်ပိုင်နိုင်ငံအတွင်းမှ ဆန်တီယေဂို ခံတပ်မြို့ အုတ်ရိုးဟောင်း၊ တရုတ်နိုင်ငံမှ ကတ်ရှ်ဂါမြို့ဟောင်း၊ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မဟာက်စ်သန်ဂက်ချ်မြို့ဟောင်း၊ အာဖဂန်နစ္စတန်မှမက်စ်အိန်နက်ဘုန်းတော်ကြီးကျောင်းဟောင်းနေရာ၊ လာအိုနိုင်ငံမှ ပလိန်းအော့ဖ်ဂျားစ်နေရာဒေသ၊ ကမ္ဘောဒီးယားနိုင်ငံမှ ပရှေ့ချ်ဗိုင်းဟား တည်ရှိရာဒေသ၊ အိန္ဒိယနိုင်ငံမှ ရာခိဂရီနှင့် ပါကစ္စတန်နိုင်ငံမှ တက်စ်စီလာ (သက္ကသီလာ) ဒေသများကို ဖော်ပြထားသည်။

“အစိုးရကလည်း ဒီဒေသတွေကို ရှေးဟောင်းဒေသတွေအဖြစ် အမွေအနှစ်တွေ ထိန်းသိမ်းဖို့အတွက် အများကြီးပြုပြင်ပေးဖို့လိုပါတယ်။ လက်ရှိမှာ ပြည်တွင်းပြည်ပက ခရီးသည်အချို့က ရခိုင်ပြည်နယ်ကို သွားလာဖို့အတွက် အတော်ကို စိတ်ဝင်စားနေကြပါတယ်။ ဒါပေမယ့် တကယ်သွားတဲ့အခါ လေယာဉ်ခရီးစဉ်တစ်ခုတည်းကပဲ သွားလာရတာ သက်သောင့်သက်သာဖြစ်စေပြီး တောင်တက်ခရီးများတဲ့အတွက် ကားလမ်းနဲ့သွားလာရသူများအဖို့ အရမ်းပဲ ပင်ပန်းကြပါတယ်။ နောက်ပြီး အခုဒေသတွေက ရေနံထုတ်လုပ်ငန်းတွေလည်း အများကြီးရှိတော့ လမ်းတွေကဓာတ်ငွေ့ပိုက်လိုင်းတွေ သယ်ယူမှုများတာကြောင့်ရော၊ ရာသီဥတုကမိုးများရင် တောင်တက်လမ်းဖြစ်တဲ့အတွက် အန္တရာယ်များတာကြောင့်ရော အသွားအလာနည်းပါးတယ်။ ဒေသခံတွေဟာ ကူးသန်းသွားလာကြပြီး အများစုက ရေလမ်း၊ လေယာဉ်ခရီးလမ်းကိုပဲ သုံးကြရတဲ့အတွက် မြောက်ဦးခရီးစဉ်တွေက ပုံမှန် အခြားဒေသတွေကို သွားတဲ့ခရီးစဉ်တွေထက်ကုန်ကျစရိတ်လည်း ပိုများပါတယ်။ လာမယ့်ခရီးသွားရာသီမှာတော့ ရခိုင်ပြည်နယ်ခရီးစဉ်တွေက ခရီးသွားသူတွေအတွက် နေရာကောင်းတစ်ခုဖြစ်လာဖို့ရှိပေမယ့် လိုအပ်တဲ့တည်းခိုစရာဟိုတယ်များနဲ့ တည်းခိုခန်းများကိုလည်း တိုးချဲ့ဖို့လိုအပ်ပါတယ်။ နောက်ပြီးသွားလာတဲ့အခါ အသုံးပြုဖို့ မော်တော်ယာဉ်တွေငှားရမ်းရတာ ခက်ခဲနေပါသေးတယ်။ ဒါပေမယ့် နိုင်ငံခြားခရီးသွားနဲ့ ပြည်တွင်းခရီးသွားအများစုက ရခိုင်ခရီးစဉ်တွေကို ယခုနှစ်ပိုင်းမှာ သွားလာမှု ပိုများခဲ့ပါတယ်”ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။

(ခင်လေးမြင့်အောင်)

ရန်ကုန်တိုင်းဒေသကြီး အထက(၁)ဒဂုံကျောင်းဝင်းအတွင်း၌ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကို၊ ကျောင်းကျန်းမာရေးတာဝန်ခံဆရာမ ဒေါ်သင်းနွယ်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ကြွေကြွေထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး စီမံချက်အရ (ဖုံး၊သွန်၊လဲ၊စစ်)နှင့် အဘိတ်ဆေးခတ်ခြင်းများ၊ ခန်းဆီးလိုက်ကာများ ဆေးစိမ်ခြင်းများကို မေ ၉ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၀၁)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အထွေထွေငွေပဒေသာပင်အတွက် The Lions Clubs International, Fukuoka, Japan က ငွေကျပ် ၁၀သိန်းကို ရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

လှိုင်မြို့နယ် ခပေါင်းအိမ်ရာ မီးလောင်

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် အမှတ်(၁၀)၊ ခပေါင်းလမ်း ခပေါင်းအိမ်ရာရှိ ပေ ၇၀× ပေ ၄၀ အာစီ နှစ်ထပ်တိုက်အပေါ်ထပ် အိပ်ခန်း၌ မီးပလပ်ခုံအပူလွန်ကဲရာမှ မေ ၁၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မီးသတ်ယာဉ် ၁၂စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္ဓေမီးသတ် ၉၆ ဦး၊ အရန်မီးသတ် ၁၆ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ **(ကိုကြီးသာ)**

မြန်မာ့အလင်း မှုခင်းသတင်း

မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်ကျေးရွာတွင် မိုးကြိုးပစ် သုံးဦး သေဆုံး၊ ငါးဦး မိုးကြိုးဘေးမှလွတ်ကင်း

မော်လမြိုင်ကျွန်း မေ ၁၁

မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ငွေစင်ရော်ကျေးရွာတွင် မေ ၁၀ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် ဦးတန်တေ၏ လယ်တဲအတွင်း တစ်စုတစ်ဝေးတည်း မိုးခိုကြသော ငွေစင်ရော်ကျေးရွာသားရှစ်ဦးတို့အား မိုးကြိုးပစ်ရာ သုံးဦးမှာ မိုးကြိုး တိုက်ရိုက်ထိမှန် သေဆုံးခဲ့သည်။

ယင်းမိုးကြိုးထိမှန်သေဆုံးသူများမှာ ငွေစင်ရော်ကျေးရွာသားများဖြစ်သော လယ်ပိုင်ရှင်ဦးမင်းနိုင် အသက်(၂၇)နှစ်၊ ဒေါ်သန်းဝင်း အသက် (၄၂)နှစ်နှင့် ဦးလှမြေ့နိုင် (ခေါ်) ဦးအေးနိုင် အသက်(၃၀)တို့ ဖြစ်ကြသည်။

မိုးကြိုးထိမှန်

အဆိုပါလယ်တဲအတွင်း မိုးခိုကြသူရှစ်ဦးအနက် သုံးဦး မိုးကြိုးထိမှန် သေဆုံးပြီး ကံထူးသူများဖြစ်သော ဦးတန်တေ၊ ဦးသံချောင်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်တင်တင်မော်နှင့် ဦးထွန်းတို့ငါးဦးမှာ မိုးကြိုးထိမှန်ခြင်း၊ဒဏ်ရာရရှိခြင်းလုံးဝမရှိဘဲ မိုးကြိုးဘေးမှ လွတ်ကင်း၍ အသက်ချမ်းသာရာရရှိခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၅)**

ရန်ကုန်–ပုသိမ်လမ်းပေါ် ကားတစ်စီး ချောက်ထဲထိုးကျ

ရန်ကုန် မေ ၁၁

မေ ၁၀ရက် မွန်းလွဲ ၁နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်မြို့ စမ်းချောင်း ဂန္ဓမာလမ်းနေ ဝေလု အသက် (၃၂)နှစ်မောင်းနှင်သော ဆလွန်းအဖြူရောင် ဂ/---- သည် ရန်ကုန်မှ ပုသိမ်ကားလမ်းအတိုင်း မောင်းနှင်လာရာ မိုင်တိုင် ၃၂/၅ နှင့် ၃၂/၆ အကြား ညောင်တုန်း ဆားမလောက်သို့အရောက် ကားမှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက်ချောက်ထဲထိုးကျပြီး သစ်ပင်နှင့်ဝင်တိုက်မှုဖြစ်ပွားသည်။

အရေးယူထား

အဆိုပါ မဆင်မခြင်ယာဉ်မောင်းနှင်မှုကြောင့် ယာဉ်မောင်းဝေလုသည် ရင်ဘတ်အောင့်၊ ညိုမည်း၊ နှုတ်ခမ်းပေါက်ပြဲဒဏ်ရာများရရှိခဲ့သည်။ ကားပေါ်၌ လိုက်ပါလာသူ ကိုနေလင်း အသက် (၃၅)နှစ် သမိုင်းလမ်းဆုံ ရန်ကုန်နေသူမှာ နဖူးပေါက်ပြဲ၊ ဝဲမျက်ခွံပေါက်ပြဲ၊ မေးစေ့ပေါက်ပြဲ၊ နှာတံဘေးဝဲပါးပေါက်ပြဲ ဒဏ်ရာများရရှိခြင်း၊ ကိုသီဟစိုး အသက် (၃၇)နှစ် လှိုင်သာယာ (၁၂)ရပ်ကွက် မာလာရုံလမ်းနေသူမှာ ဝဲမျက်ခုံး၊ ဝဲခြေသလုံး၊ ယာခြေခုံပေါက်ပြဲဒဏ်ရာများ ရရှိခြင်း၊ မသန်းသန်းနွယ် အသက် (၃၂) နှစ် ရန်ကုန်-မရမ်းကုန်း ရဲဘော်ဟောင်း ၃ လမ်းနေသူမှာ ဝဲနားရွက်ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။ ယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်းဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တင်ပြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တင်ပြစဉ်။ (သတင်းစဉ်)

◆ရှေ့ဖုံးမှ

ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က စနစ်တကျ စီမံခန့်ခွဲသွားရန်ဖြစ်ကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားရေးဘဝတိုးတက်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့်အစိုးရသို့ အကြံပြုပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ လူမှုစီးပွားရေးအကြံပေးကောင်စီ ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ရာ ပုဂ္ဂလိက လူမှုရေး၊ စီးပွားရေး အသင်းအဖွဲ့များက နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း။

ထိရောက်စွာအသုံးပြု

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်အလျောက် အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ သမဝါယမအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများသည် ပြည်သူတို့၏ လူမှုစီးပွားရေးကို မြှင့်တင် ကြိုးပမ်းကြရမည့် အဓိကအဖွဲ့အစည်းများဖြစ်ကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတကာက မိမိတို့နိုင်ငံကို ကူညီထောက်ပံ့လိုမှုများ၊ ရင်းနှီးမြှုပ်နှံလိုမှုများ၊ ကမ်းလှမ်းမေးမြန်းမှုများ ရှိလာသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် ရေးဆွဲပြီးသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဒေသန္တရစီမံကိန်းများပေါ်အခြေခံ၍ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေးနှင့်ကျန်းမာရေးအစရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် လုပ်ငန်းကဏ္ဍများ ပြုပြင်ပြောင်းလဲတိုးတက်ရန် ဆောင်ရွက်မည့် မဟာဗျူဟာ၊ နည်းဗျူဟာ အစီအမံများကို ရေးဆွဲထားပြီး ဦးစားပေးကဏ္ဍနှင့် နယ်မြေအလိုက်ဖိတ်ခေါ်လက်ခံ၍ ထိရောက်စွာ အသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

ငွေကြေးအရင်းအနှီးပြီးလျှင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ယခုအချိန်၌ တွေ့ကြုံနေရပြီဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်ခရီးသွားလုပ်ငန်းနှင့် အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတို့၌ စီးပွားရေးကျွမ်းကျင်ပညာရှင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအပြင် ရင်းနှီးမြှုပ်နှံမှုများကို ဒေသအလိုက် တိုးချဲ့ဖိတ်ခေါ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ငွေကြေးမတတ်နိုင်သော နယ်စွန်နယ်ဖျားအထိ ကလေးသူငယ်များ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတကာအဆင့်မီသော ဆရာ ဆရာမများ လေ့ကျင့်မွေးထုတ်နိုင်ရေး၊ ဆရာဆရာမများ အရည်အသွေး မြှင့်တင်ရေးသင်တန်းများကို နိုင်ငံတကာ အကူအညီများဖြင့် ဖွင့်လှစ်မြှင့်တင်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲ လုပ်ဆောင်မှုများကို ရှေးကနှင့်မတူဘဲ စိတ်ဓာတ်အရ လည်းကောင်း၊ လူထုဆက်ဆံရေးအရ လည်းကောင်း ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူများကို မိမိတို့၏ မိဘသဖွယ် တိုးတက်အောင် ကူညီစောင့်ရှောက်ရေးနှင့် ပြည်သူမလိုလားသော လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ၊ ဆက်ဆံရေးမပြေပြစ်မှုများကို ရှောင်ရှားကြရေးအတွက် အဓိကဦးစားပေး ပြောင်းလဲလာအောင် ကြပ်မတ်အဆင့်နှင့် ကျွမ်းကျင်သူအဆင့် အတန်းအလိုက် ကျွမ်းကျင်လုပ်သားအဆင့်အတန်းအထိ လိုအပ်လာသည်ကို တွေ့မြင်နေရကြောင်း၊ ယင်းလိုအပ်ချက်အတွက် နိုင်ငံခြားတိုင်းပြည်အသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ ပြန်လာရေး စဉ်ဆက်မပြတ် ဖိတ်ခေါ်လျက်ရှိကြောင်း၊ ယခုအခါ တိုင်းပြည်ပြုပြင်ပြောင်းလဲတိုးတက်ရေးအတွက် ပြည်ပရောက်မြန်မာပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များသာမက အလုပ်မျိုးစုံ သွားရောက်လုပ်ကိုင်နေကြသူများကို အမိနိုင်ငံတိုးတက်ရေးအတွက် ပြန်လာကြရန် ထပ်မံဖိတ်ခေါ်လိုကြောင်း၊ အမိမြေသို့ ပြန်လာရေးနှင့် စီးပွားရေးအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် အခက်အခဲများ တင်ပြလာလျှင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်တွင်း၌လည်း နိုင်ငံခြားအဆင့်မီ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းများဖွင့်ခွင့်ပြုပြီး အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် သင်တန်းဆင်းသည်နှင့်အလုပ်အကိုင်တို့၏ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်း ရင်းနှီးမြှုပ်နှံနိုင်သော ဒေသများ၌ ရင်းနှီးမြှုပ်နှံခွင့်ပေးပြီး ရင်းနှီးမြှုပ်နှံမှု အလှမ်းဝေးသော တိုင်းဒေသကြီး/ပြည်နယ်များ၌ နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များဖြင့် ပြည်သူတို့၏ သောက်သုံးရေသန့်ရရှိရေး၊ ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ဝိုင်းဝန်းကူညီ

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ကြရာတွင် ငြိမ်းချမ်းရေးဆွေးနွေးသဘောတူပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ထိရောက်သော ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် လူတစ်စုမျက်နှာကိုမကြည့်ဘဲ ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မှုအတွက် စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော အလေ့အကျင့်များ တိုးတက်ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် လမ်းညွှန်မိန့်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြသည်။

အစည်းအဝေး အစီအစဉ်ကို ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရပ်နားပြီး ဒုတိယနေ့အဖြစ် မေ ၁၂ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၈း၀၀ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ဖိုးတူးနဲ့သုည** လွင်မိုး၊ နန္ဒာလှိုင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-မောင်သီ
၁၄း၀၀ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၂၄)

ညပိုင်း

၆း၀၀ မြဝတီ ရုပ်မြင်သံကြားသတင်း
၇း၀၀ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **သူရဲကောင်းလေး ကျွန်မချစ်သူ** (အပိုင်း-၂၁)
၈း၀၀ မြဝတီ ရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူရွှင်တော်စတား အင်္ဂလိပ်စာသုတ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်** (အပိုင်း-၂၁) မြဝတီ ရုပ်မြင်သံကြားသတင်း ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးရဲ့လင်းသံစဉ်** (အပိုင်း-၂၆)

မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တာချီလိတ် မေ ၁၁

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် ရေလှူဒါန်းပွဲကို မေ ၅ ရက်က ကျင်းပရာ တာချီလိတ်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်၊ မီးသတ်စခန်းမှူး ဦးကျော်ကျော်ကိုတို့ ဦးဆောင်သောသန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရှေးဦးစွာ တာချီလိတ်မြို့ ဘိုးဘွားရိပ်သာဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ကြပြီး မီးသတ်ယာဉ်သုံးစီးဖြင့် ဘိုးဘွားရိပ်သာအတွက် သောက်သုံးရေများ လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စုရှိ ဝေဠုဝန်သာသနာ့ရိပ်သာဝင်းအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကာ မီးသတ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ လှူဒါန်းဒါနပြုခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆ဝ)**

● **ကျောဖုံးမှ**

ယခုမဂ်လာသတင်းကြားရပြီ။ ပဲခူးမြို့နှင့် အနီးဝန်းကျင်ဒေသများတွင် နှစ်စဉ် ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးစီမံကိန်းများကို နိုင်ငံတော်အစီအစဉ်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေပြီဟူသော သတင်းပင်။ ပို၍ထူးခြားသည်မှာ ယခုနှစ်မိုးရာသီမှ စတင်ကာ ပဲခူးမြို့နှင့် အနီးဝန်းကျင်ဒေသများ ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်တော့မည်ဟူသော ဝမ်းသာစရာသတင်းပင်ဖြစ်လေသည်။

ပဲခူးမြို့၊ သနပ်ပင်မြို့၊ ကဝမြို့နယ်များမှာ ပဲခူးမြစ်ကမ်းဘေးတွင် တည်ရှိပြီး မြေပြင်အနေအထားအရ မြေနိမ့်လွင်ပြင်ဖြစ်သည်။ ထို့ကြောင့် ပဲခူးမြစ်ရေလျှံမှုကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပွားတိုင်း ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ လယ်ယာမြေအများအပြားရေနစ်မြုပ်ကုန်သည်။ စပါးစိုက်ပျိုးမှု ထိခိုက်ပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။ တောင်သူလယ်သမားများ အကျပ်အတည်းများကြုံတွေ့ခဲ့ရသလို စိုက်ပျိုးမြေများ ပျက်စီးခဲ့ရသဖြင့် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်နစ်နာမှုဖြစ်ပေါ်စေခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင် မိုးရာသီ၌ ပဲခူးမြစ် ရေကြီးရေလျှံမှုနှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။ ပထမအကြိမ်မှာ ၂၀၁၁ ခုနှစ် ဇူလိုင်လ၌ဖြစ်ပြီး ပဲခူးမြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၁၀ စင်တီမီတာထက် ကျော်လွန်ကာ ၉၁၄ မီတာအထိ ရောက်ရှိခဲ့သည်။ တစ်ဖန် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ဒုတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာမှ ၉၆၀ စင်တီမီတာအထိ ရောက်ရှိခဲ့သည်။ ဒုတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်ပွားမှုသည် ပဲခူးမြို့၏ ၄၇ နှစ်တာကာလအတွင်း အမြင့်ဆုံးစံချိန်ဖြစ်ခဲ့သည်။

ထိုသို့စံချိန်တင်ရေကြီးမှုကြောင့် ပဲခူးမြို့သားတို့ မြို့တွင်း၌ လှေစီးသွားခဲ့ကြရသည်အထိ ဖြစ်ပေါ်ခဲ့သည်။ စီးပွားရေးလုပ်ငန်းများ သာမက လက်လုပ်လက်စားသမားများပါ စားဝတ်နေရေး ထိခိုက်ကုန်သည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည့်အပြင် စားနပ်ရိက္ခာထောက်ပံ့မှုများ ဖြည့်ဆည်းပေးခဲ့ရသည်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်လာမှုကြောင့် မိုးရာသီတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပါက ပဲခူးမြစ်၏ စိုးရိမ်ရေမှတ်သည် နှစ်စဉ် စံချိန်ချိုးကာ ဆိုးရွားသော ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်လာတော့မည်။ လယ်ယာစိုက်ပျိုးမြေများ ရေနစ်မြုပ်မှုဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ရာ ဒေသခံတောင်သူများ ဒုက္ခမျိုးစုံကြုံတွေ့ရပေတော့မည်။

ထိုသို့သောဘေးဒုက္ခမှ လျော့ပါးသက်သာစေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ပဲခူးရိုးမတောင်တန်းပေါ်တက်ကာ လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ စီမံကိန်းများရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ပဲခူးမြို့ဝန်းကျင်ဒေသများ ရေကြီးရေလျှံမှုမှ လျော့ပါးအောင်ပြုလုပ်လျှင် တစ်ဆက်တစ်စပ်တည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်း မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးအတွက်လည်း အကျိုးပြုနိုင်မည်ဖြစ်ရာ စီမံကိန်းကို မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် စီမံကိန်းလေးခုသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပဲခူးမြစ်ရေကြီးမှုနှင့် ရေလျှံမှုများမှာ ပဲခူးရိုးမတောင်တန်းပေါ်မှ စီးဆင်းလာသော တောင်ကျချောင်းရေများ၊ ပဲခူးမြစ်အတွင်း သောင်ထွန်းနေမှုများ၊ ပင်လယ်ဒီရေတက်ခြင်းနှင့် ရေနုတ်မြောင်းများတိမ်ကောနေခြင်းတို့ကြောင့်လည်း ပါဝင်သည်ဖြစ်ရာ တောင်ကျချောင်းများပေါ်တွင် ရေလှောင်တမံများ တည်ဆောက်ခြင်းကို စီမံကိန်းတစ်ရပ်အဖြစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းအရ ပဲခူးရိုးမမှ မြစ်ဖျားခံပြီး ပဲခူးမြစ်အတွင်း စီးဝင်သည့် ကိုဒူကွဲချောင်း၊ စလူချောင်း၊ ရွှေလောင်းချောင်းတို့တွင် ရေလှောင်တမံများတည်ဆောက်ကာ ရေသိုလှောင်ထားရှိခြင်းဖြင့် ရေကြီးမှုကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

ထိုသို့ရေလှောင်တမံစီမံကိန်းများ တည်ဆောက်ရာတွင် ပဲခူးရိုးမမှ ပဲခူးမြစ်အတွင်းစီးဝင်သည့် စလူချောင်းပေါ်ရှိ စလူရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝံကိုက်လှိုင်ရွာအနီးတွင် တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ၅၇၂၈ ပေရှိကာ တမံအမြင့်မှာ ၈၈ ပေဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၉၀၀၀၀ဖြစ်ရာ နှစ်စဉ်မိုးရာသီ၌ ပဲခူးမြစ်အတွင်း စီးဝင်မည့် ရေဧကပေ ၉၀၀၀၀ကို သိုလှောင်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ယခုအခါ ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ရာ ပဲခူးရိုးမပေါ်၌ လှပစွာ တည်ရှိနေပြီဖြစ်သည်။

နောက်ထပ်ရေလှောင်တမံတစ်ခုမှာ ကိုဒူကွဲရေလှောင်တမံဖြစ်သည်။ ပဲခူးရိုးမမှ ပဲခူးမြစ်အတွင်းစီးဝင်သည့် ကိုဒူကွဲချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ထားခြင်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လက်ရှိဇောင်းတုရေလှောင်တမံ၏ တောင်ဘက် ၁၃ မိုင်အကွာတွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး ရေလှောင်တမံအမြင့်ပေ ၉၀နှင့် အလျားမှာ ပင်မတမံ ပေ ၁၁၃၀ ရှိကာ ကုန်းကြောတမံခြောက်ခု အရှည်မှာ ၃၅၄၅ ပေရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၁၄၈၅၀၀ ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ရာ ပဲခူးရိုးမတောင်တန်းပေါ်တွင် ပန်းချီတစ်ချပ်ကဲ့သို့ လှပတင့်တယ်စွာရပ်တည်နေပြီဖြစ်သည်။

ထို့အတူ နောက်ထပ်ရေလှောင်တမံတစ်ခုမှာ ပဲခူးရိုးမတောင်တန်းပေါ်မှ မြစ်ဖျားခံကာ ပဲခူးမြစ်အတွင်း စီးဝင်သည့် ရွှေလောင်းချောင်းပေါ်တွင် တည်ဆောက်ထားသော ရွှေလောင်းရေလှောင်တမံပင်ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းပင်ရွာအနီးတည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအမြင့် ၈၈ ပေရှိကာ တမံအလျားမှာ ၅၇၂၈ ပေဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၁၀၃၇၀၀ ဖြစ်သည်။ ရေလှောင်တမံတည်ဆောက်မှု ပြီးစီးနေပြီဖြစ်ရာ ရေများသိုလှောင်ထားနိုင်ရန် အသင့်အနေအထားရှိနေပြီဖြစ်သည်။

ကာကွယ်ပေးနိုင်

ထို့ကြောင့် စလူ၊ ကိုဒူကွဲနှင့် ရွှေလောင်းရေလှောင်တမံသုံးခုပေါင်းလျှင် ရေဧကပေ ၃၄၂၂၀၀ ရှိမည်ဖြစ်ရာ ယင်းရေပမာဏကို ပဲခူးမြစ်အတွင်းမဝင်ရောက်ရန် သိုလှောင်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့အတူ လျှပ်စစ်ဓာတ်အားထုတ်ယူရန် ယခင်ကတည်ဆောက်ထားသော ပဲခူးရိုးမတောင်တန်းပေါ်ရှိ ဇောင်းတူရေလှောင်တမံတွင်လည်း ရေဧကပေ ၃၃၀၀၀၀ ကို သိုလှောင်ထိန်းသိမ်းထားနိုင်ပြီး ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းကာ ရေသိုလှောင်ပေးမှုပြုလုပ်နိုင်မည်ဖြစ်ရာ ပဲခူးမြစ်အတွင်း ပဲခူးတောင်တန်းပေါ်မှ စီးဝင်သည့်ရေများကို ရေသိုလှောင်ထားနိုင်သဖြင့် ပဲခူးမြို့တွင် ယခုလာမည့် မိုးရာသီ၌ ရေကြီးရေနစ်မြုပ်မှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်တော့မည်ဖြစ်သည်။

ပဲခူးရိုးမတောင်တန်းများအပေါ် ခက်ခဲပင်ပန်းစွာ နေ့ညတည်ဆောက်ခဲ့ကြရသည့် ရေလှောင်တမံများကို လူအား၊ ငွေအားနှင့် နည်းပညာများအပြင် ယန္တရားများ၏ စွမ်းအားများဖြင့် ဆောင်ရွက်ခဲ့သော ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၏စေတနာ၊ နိုင်ငံတော်၏စေတနာများထားရှိမှုကလည်း လေးစားစရာကောင်းသည်က အမှန်ပင်။ ။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့်အနီးဝန်းကျင်ဒေသများ ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်ပေးနိုင်တော့မည့် စလူရေလှောင်တမံကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်အိုင်စီတီပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် Yangon ICT Fair (Computer & Mobile) ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ပြပွဲကျင်းပရေးကော်မတီမှ ဦးရဲရင့်ဝင်းက Yangon ICT Fair ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးမင်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးထင်အောင်ခိုင်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးက ပြပွဲဆိုင်းဘုတ်အား Sensor by Global ဖြင့် ဖွင့်လှစ်ပေးပြီးနောက် Myanmar ICT Awards 2011 (Educational Project) တွင် ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

အိုင်စီတီ နည်းပညာပြပွဲတွင် Mobile နှင့် IT နယ်ပယ်မှ အီလက်ထရွန်နစ်ကုမ္ပဏီများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များ၊ ဆက်သွယ်ရေးပစ္စည်းအရောင်းဆိုင်များ၊ CD နှင့် စာအုပ်အရောင်းဆိုင်များ၊ Printer, Scanner, Copier, Camera, Projector အရောင်းဆိုင်များ၊ Software & Training Company များ၊ Website, SMS Solution, Wimax, Wifi, Networking Product, Electronic Dictionary, Mobile Software အစရှိသော အရောင်းဆိုင်များကို ကုမ္ပဏီပေါင်း ၅၀ မှ ပြခန်းပေါင်း ၁၄၃ ခန်းဖြင့် မေ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၁၂) ကို ဇွန် ၁ ရက်မှ ၈ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ၃ နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေး ကျပ် ၁၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (၁၇၃)

မြန်မာ့အလင်း အာကာသသိပ္ပံ

လာမည့် မေ ၂၀ ရက်၌ နေကြတ်ခြင်းတွေ့ရမည်

နာဆာ မေ ၁၁

အကြီးဆုံးလပြည့်ဝန်းကြီးထွက်ပေါ်ပြီး နှစ်ပတ်ခန့်အကြာ လာမည့် မေ ၂၀ ရက်တွင်လည်း နေကြတ်ခြင်း (အောက်ပုံ) **ကို မြင်တွေ့ရဦးမည်ဖြစ်ကြောင်း အာကာသသိပ္ပံပညာရှင်များက မေ ၁၁ ရက်တွင် ပြောကြားသည်။**



အဆိုပါ နေကြတ်ခြင်းကို မြောက်အမေရိကတိုက် အနောက်ပိုင်းမှ အများဆုံး မြင်တွေ့ရမည်ဖြစ်ကြောင်း၊ အာရှနှင့် ပိစိဖိတ်ဒေသတို့မှလည်း မြင်တွေ့ရလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းနေကြတ်ခြင်းသည် မေ ၅ ရက်က အကြီးမားဆုံးလပြည့်ဝန်းကြီး ကမ္ဘာနှင့် အနီးဆုံးရောက်ရှိခဲ့ပြီး နောက်နှစ်ပတ်ခန့်အကြာတွင် တွေ့ရမည်ဖြစ်သည်။ နေကြတ်ခြင်းသည် နေနှင့်ကမ္ဘာကြားတွင် လကျရောက်စဉ် နေ၏အလင်းရောင်ကို လက ကွယ်နေခြင်းကြောင့် နေကြတ်မှုဖြစ်ပေါ်ခြင်းဖြစ်သည်။

စတင်မည်

ဋ္ဌင်းနေကြတ်ခြင်းကို တရုတ်နိုင်ငံတောင်ပိုင်းမှ စတင်မည်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာနှင့် အလက်စကာတောင်ပိုင်းတို့ကို ဖြတ်ကျော်ကာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပစိဖိတ်ကမ်းရိုးတန်းအနီးတွင် အဆုံးသတ်မည်ဖြစ်သည်။ **(အင်တာနက်)**

ဟောပြောပွဲကျင်းပ

မေ ၁၀ ရက်က ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဟောပြောပွဲကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းစဉ်။ (၄၁၆)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြန်လည်ပြုပြင်

မေ ၄ ရက်က လှိုင်သာယာမြို့နယ် အဆင့်မြင့် အမှတ် (၅)ရပ်ကွက် အပိုင် ၁၁/၁၂ ရှိ ရေမြောင်းကြီးများ မိုးအခါရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်မိရပ်ဖများ၏ဦးဆောင်မှုဖြင့် ရပ်ကွက်ပြည်သူများက ကွန်ကရစ်မြောင်းကြီးများကို ပြန်လည်ပြုပြင်ကြစဉ်။ (မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းစုံညီစည်းဝေး

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းအမှုဆောင်ကော်မတီစုံညီအစည်းအဝေးနှင့် တွေ့ဆုံပွဲကို အသင်းရုံးတည်ရှိရာ စမ်းချောင်းမြို့နယ် အရှေ့ကုန်းလမ်း အမှတ်(၁၈)၌ မေ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေး၌ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်မောင် (မောင်သာပြည့်)က လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ယခုမေလအတွင်း ထွက်ရှိမည့်အသင်းမှ စီစဉ်သည့် စမ်းသီလာမဂ္ဂဇင်း အမှတ်(၆) ဖြန့်ချိရေးကိစ္စများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းကို ဧပြီ ၂၂ ရက်က ပြောင်းလဲဖွဲ့စည်းခဲ့ရာ အများဆန္ဒအရ ဥက္ကဋ္ဌဦးဝင်းမောင်မောင်(မောင်သာပြည့်)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မာလာထွန်း(ဖြူစင်ဝင်း)၊ အတွင်းရေးမှူး ဒေါ်သီတာမြင့်(မဟာသ်ာ-သချ်ာ)၊တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသက်ထား(အေးသက်ထား-ပထဝီဝင်)၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ထားမြင့်(ယွန်းထိပ်ထား)၊ အမှုဆောင်ကော်မတီဝင်များအဖြစ် ဦးကျော်ကျော်(ကျော်ကျော်-စက်မှုတက္ကသိုလ်)၊ ဦးမြင့်ဝင်း(စံထက်မင်း)၊ ဒေါ်ခင်လေးမွန်(ကလျာမွန်-စမ်းချောင်း)နှင့် ဦးကျော်မင်း(ငြိမ်းမင်းကို)တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို မေ ၉ ရက်က ကြီးပွားရေးရပ်ကွက်ရုံး၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကို ရပ်ကွက်အတွင်း မှုခင်းကျဆင်းရေးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(စမ်းစမ်းကြည်-သဃ်န်းကျွန်း)

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ယူရို ၁၇ နှစ် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ဂျာမနီက ပြင်သစ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရ

ဘာလင် မေ ၁၁

၂၀၁၂ယူရို ၁၇ နှစ်ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို မေ ၁၁ ရက်နံနက်က ဆက်လက်ကျင်းပရာ အုပ်စု(က) မှ ဂျာမနီနှင့် ပြင်သစ်တို့ပွဲတွင် ဂျာမနီက သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ (ဓာတ်ပုံ)

အိမ်ကွင်း၌ကစားရသော ဂျာမနီအသင်းသည် ပြင်သစ်အသင်း၏လျင်လျင်မြန်မြန် ဖြတ်တောက်ကစားခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်တွင် မေယာက ဂျာမနီအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

မသွင်းယူနိုင်

ဆက်လက်ပြီး ဂျာမနီတို့ ဖိကစားခဲ့ရာ ပွဲချိန် ၅၆မိနစ်၌ မေယာကပင် ဒုတိယဂိုးဆက်တိုက်သွင်းယူခဲ့ပြန်သည်။ ပြင်သစ်တို့ ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ဂျာမနီတို့က အမှားအယွင်းနည်းစွာ ဟန့်တားဖြတ်ထုတ်နိုင်မှုကြောင့် တစ်ဂိုးမျှ ချေပဂိုး မသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန်အပြီး၌ ဂျာမနီက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး အဖိုးတန်သုံးမှတ်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အုပ်စု(က)မှ အိုင်ယာလန်နှင့် ဂျော်ဂျီယာတို့ပွဲတွင် ဂျော်ဂျီယာက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဂျော်ဂျီယာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၃ မိနစ်၌ ဒက်ဆီမီလာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သွင်းယူပေးခဲ့

ယူရို ၁၇နှစ်ဘောလုံးပြိုင်ပွဲအုပ်စု (ခ)မှ ဘယ်လ်ဂျီယံနှင့် ဆလိုဗေးနီးယားတို့ပွဲတွင် ဘယ်လ်ဂျီယံက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဘယ်လ်ဂျီယံအတွက် ဂိုးများကို ပွဲချိန်သုံးမိနစ်၌ ရှက်ရီဂျာဗာက သွင်းယူပေးခဲ့သော်လည်း ဆလိုဗေးနီးယားအတွက် ချေပဂိုးကိုပွဲချိန် ၁၃ မိနစ်၌ စတိုဂျန်နိုဗစ်က သွင်းယူပေးခဲ့သည်။

ထွက်ခဲ့ရ

ဒုတိယပိုင်းပွဲချိန် ၅၃ မိနစ်၌ ဘယ်လ်ဂျီယံမှ ဂါကင်စ်က တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးရရှိခဲ့သည်။ ဆလိုဗေးနီးယားတို့ ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ၅၉ မိနစ်၌ ဆလိုဗေးနီးယားမှ ကာနီရိုနှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ တစ်ဖန် ပွဲချိန် ၆၃ မိနစ်၌ ဆလိုဗေးနီးယားမှ ဒူတိုဗစ်တိုက်ရိုက်အနီကတ်ပြအထုတ်ခံရသဖြင့် ဆလိုဗေးနီးယားတို့ ကိုးဦးတည်းဖြင့် ကစားခဲ့ရသည်။ ပွဲချိန် မိနစ် ၈၀ ၌ ဘယ်လ်ဂျီယံမှဒီယာဂစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဘယ်လ်ဂျီယံက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပြင်သစ်ပထမတန်း၌ ယခုနှစ်ဘောလုံးရာသီအတွက် အကောင်းဆုံးဘောလုံးသမားအဖြစ် ဘီလ်ဟန်ဒါရွေးချယ်ခံရ

ပါရီ မေ ၁၁

ပြင်သစ်ပထမတန်းဘောလုံးအသင်း မွန်ပီလီယာမှ ကွင်းလယ်တိုက်စစ်မှူး ယူနက်စ်ဘီလ်ဟန်ဒါအားယခုနှစ် ဘောလုံးရာသီအတွက် အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ကြောင်း မေ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ပြင်သစ်နိုင်ငံသား ဘီလ်ဟန်ဒါ **(ယာပုံ)**သည် ၂၀၁၀ ခုနှစ်၌ မော်ရိုကိုနိုင်ငံသားအဖြစ် ခံယူသူဖြစ်သည်။ ဘီလ်ဟန်ဒါသည် ယခုအခါ မော်ရိုကိုနိုင်ငံဘောလုံးအသင်း၌ ကစားနေသူဖြစ်သည်။

ပြင်သစ်ပထမတန်း၏ ယခုနှစ်ဘောလုံးရာသီအတွက် အကောင်းဆုံးဘောလုံးသမားအဖြစ် ပြင်သစ်နိုင်ငံမှ သတင်းစာဆရာများက ဘီလ်ဟန်ဒါအား မဲဆန္ဒပေး ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ရွေးချယ်ရာတွင် မာဆေးလ်အသင်းမှ ကင်မရွန်းနိုင်ငံသား နောက်တန်းကစားသမား နီကိုလပ်စ်ကူလူနှင့် ဂါဘွန်နိုင်ငံသား တိုက်စစ်မှူး အော်ဘာမီယန်တို့ကို ကျော်ဖြတ်ပြီး ရွေးချယ်ခံရခြင်းဖြစ်သည်။

ဘီလ်ဟန်ဒါသည် မွန်ပီလ်လီယာအသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပြီး နိုင်ပွဲများရရှိစေရန်လည်း စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်၊ ခံစစ်ကိုလည်း လိုက်ပါကစားနိုင်ပြီး ကစားဖော်တိုက်စစ်မှူးများ ဂိုးသွင်းယူခွင့်ရရှိရန် ဖန်တီးပေးနိုင်သူဖြစ်သည်။

ရပ်တည်လျက်ရှိ

ကွင်းလယ်မှ တိုက်စစ်စတင်ရာတွင် ဘီလ်ဟန်ဒါအနေဖြင့် အကောင်းဆုံး ပံ့ပိုးပေးနိုင်သူဖြစ်ပြီး ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သူဖြစ်သည်။ အသင်းပထမပွဲထွက် ကစားသမားဖြစ်ပြီး မိခင်မော်ရိုကိုအသင်း၌ အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသူဖြစ်သည်။

(အင်တာနက်)

မက်ဒရစ်အိုးပင်း ရှာရာပိုဗာ နောက်တစ်ဆင့်တက်လှမ်း



မက်ဒရစ် မေ ၁၁

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို မေ ၁၁ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း တတိယအဆင့်ပြိုင်ပွဲ၌ ရှာရာပိုဗာ (အပေါ်ပုံ) က ချက်တင်းနစ်မယ် ဆာဖာရိုဗာအား အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

ရှာရာပိုဗာသည် ယခုပွဲ၌ ချက်တင်းနစ်မယ် ဆာဖာရိုဗာကို အပေါ်စီးမှကစားကာ အနိုင်ယူခဲ့ခြင်းဖြစ်ပြီး စတုတ္ထအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

တစ်ဖန် နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံနှင့် ဒိန်းမတ်တင်းနစ်မယ် မာကာရိုဗာတို့ပွဲတွင် ဆီရီနာဝီလျံက ၁-၆၊ ၆-၃၊ ၆-၂ ဖြင့် နိုင်ပွဲရရှိပြီး စတုတ္ထအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ချက်တင်းနစ်မယ်ဟာ ဒက်ကာနှင့် ရုရှားတင်းနစ်မယ် မာကာရိုဗာတို့ပွဲတွင် ဟာဒက်ကာက ၆-၂၊ ၇-၆ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ အမေရိကန်တင်းနစ်မယ် လက်ပ်ချင်ကိုနှင့် စပိန်တင်းနစ်မယ် ဂါရီဂက်စ်တို့ပွဲတွင် လက်ပ်ချင်ကိုက ၆-၁၊ ၆-၇၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

နောက်ထပ်ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်မှ ရက်ဝမ်စကာနှင့် အီတလီမှ ဗင်စီတို့ပွဲတွင် ရက်ဝမ်စကာက ၇-၆၊ ၆-၄ ဖြင့် နိုင်ပွဲရရှိပြီး စတုတ္ထအဆင့် တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)

ပရီမီယာလိဂ်ဖလားပြိုင်ပွဲ မန်ယူ-မန်စီးတီးဆက်လက်အားပြိုင်ကြမည်

ဆွမ်ဆီးနှင့်ပွဲတွင် မန်ယူအတွက် စမောလင်း ဂိုးသွင်းယူစဉ်။

လန်ဒန် မေ ၁၁

ဘောလုံးပရိသတ်များစိတ်ဝင်စားနေတဲ့ ပရီမီယာလိဂ်နောက်ဆုံးပိတ်ပြိုင်ပွဲကို မေ ၁၃ ရက် ညပိုင်း၌ ကစားကြမှာဖြစ်ပါတယ်။ ပြိုင်ပွဲအားလုံးကို ည ၈ နာရီ ခွဲမှာတစ်ပြိုင်တည်း ကစားကြမှာဖြစ်ပါတယ်။

နာမည်ကြီးမန်ယူကတော့ ဆန်းဒါးလန်းရဲ့ အိမ်ကွင်းမှာသွားရောက်ကစားရမှာပါ။ ဒီပွဲဟာ ဆန်းဒါးလန်းအတွက်သိပ်အရေးမကြီးပေမယ့် မန်ယူအတွက်တော့အရေးကြီးပါတယ်။ မန်ယူနည်းပြကြီး အဲလက်ဇ်ဖာဂူဆန်က သူ့ရဲ့နံပါတ်တစ်ပွဲထွက်ကစားသမားတွေကို အသေအချာထုတ်သုံးပါလိမ့်မယ်။

အီဗရာ၊ ရွန်းနေ၊ နာနီစတဲ့ ပွဲတိုင်းကျော်တွေနဲ့ ပွဲထုတ်လာမယ်လို့ မျှော်လင့်ရပါတယ်။ ဖာဂူဆန်က သူတို့အားနဲ့ နောက်ဆုံး ဆန်းဒါးလန်းကို ဂိုးများများသွင်းနိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားမှာပါ။ ပြိုင်ဘက်မန်စီးတီးရဲ့ ဂိုးကွာခြားချက်ကို လိုက်မမီလောက်ပေမယ့် အတတ်နိုင်ဆုံး ဂိုးစံချိန်သွင်းယူသွားနိုင်ပါတယ်။ သို့ပေမယ့်လည်း ဆန်းဒါးလန်းရဲ့ခြေစွမ်းကလည်း ပေါ့သေးသေးတော့မဟုတ်ပါဘူး။ နာမည်ကြီးအသင်းတွေကိုတောင် ခြိမ်းခြောက်ကစားနိုင်တဲ့အသင်းပါ။ ဘာပဲဖြစ်ဖြစ် ဒီပွဲက မန်ယူအနိုင်ကစားမယ်လို့ မျှော်လင့်ရပါတယ်။

အဲဒီနေ့မှာပဲ မန်စီးတီးအသင်းကလည်း သူ့အိမ် သူ့ပရိသတ်ရှေ့မှောက်မှာ ကျူပီအာကို လက်ခံကစားဖို့ရှိပါတယ်။ မန်စီးတီးကဒီပွဲနိုင်ရင် ပရီမီယာလိဂ်ဖလားကို နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးအကြိမ်ဆွတ်ခူးမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မန်စီးတီးက သေချာပေါက်အနိုင်ကစားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ လက်ရှိမန်စီးတီးနဲ့ မန်ယူတို့ဟာ ရမှတ် ၈၆ မှတ်စီနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေကြပါတယ်။ ဂိုးကွာခြားချက်ကတော့ ရှစ်ဂိုးကွာခြားနေပါတယ်။ ကျူပီအာကလည်း တန်းဆင်းဇုန်လွတ်မြောက်ဖို့တစ်မှတ်လိုနေတာကြောင့် မန်စီးတီးကို ဂိုးမပေးရရေး အကြိတ်အနယ်ကာကွယ်မယ့်အနေအထားရှိပါတယ်။ အခြားပွဲတွေအဖြစ်ချယ်လ်ဆီးနဲ့ ဘလက်ဘန်း၊ အဲဗာတန်နဲ့ နယူးကာဆယ်၊ နော့ချ်ဗ်စ်နဲ့ အက်စတွန်ဗီလာ၊ စတုတ်နဲ့ ဘော်လ်တန်၊ ဆွမ်ဆီးနဲ့ လီဗာပူး၊ စပါးနဲ့ ဖူလ်ဟမ်၊ ဝက်စ်ဘရွန်းနဲ့ အာဆင်နယ်၊ ဝီဂန်နဲ့ ဝုဗ်ဗာဟမ်တန်တို့လည်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

(အင်တာနက်)

ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် မန်စီးတီးကြိုးစားမည်

လန်ဒန် မေ ၁၁

မန်စီးတီးအသင်းကို ၂၀၀၈ ခုနှစ်က ရှိတ်မန်ဆာဝယ်ယူခဲ့ပြီးတဲ့နောက် ၂၀၁၁ ခုနှစ်က အက်ဖ်အေဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒီဖလားဟာ မန်စီးတီးအသင်းရဲ့နှစ်ပေါင်း ၃၅ နှစ်အတွင်းမှာ ပထမဆုံးအက်ဖ်အေဖလားဖြစ်ပါတယ်။

အီတလီနည်းပြ မန်စီနီရဲ့ ဦးဆောင်မှုနဲ့ မန်စီးတီးအသင်းဟာ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှာလည်း ဆက်လက်ခြေစွမ်းပြခဲ့ပါတယ်။ ယခုအချိန်မှာတော့ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်မှာ ဖလားဆွတ်ခူးတော့မယ့်အနေအထားကို ရောက်နေပါပြီ။

သွင်းယူပေး

၂၀၁၀ ခုနှစ်က ဘာစီလိုနာအသင်းမှပြောင်းလာတဲ့ ယာယာတိုရေးဟာ မန်စီးတီးရဲ့အဓိကကစားသမားတစ်ဦးဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နယူးကာဆယ်နဲ့ ကစားခဲ့တဲ့ပွဲမှာလည်း ယာယာတိုရေးက အနိုင်ဂိုးနှစ်ဂိုးစလုံး သွင်းယူပေးနိုင်ခဲ့ပါတယ်။ အိုင်ဗရီကို့စ်ကစားသမား ယာယာတိုရေးက သူ့အသင်းကို ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်အောင် ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ (ဓာတ်ပုံ)

လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့မန်စီးတီးအသင်းဟာ ကမ္ဘာ့အကောင်းဆုံး ကလပ်ဖြစ်ရမယ်လို့သူက ဆိုပါတယ်။ လက်ရှိလူငယ်တွေနဲ့ဖွဲ့စည်းထားတဲ့ မန်စီးတီးဟာ နောက်နှစ်နှစ်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်မယ်လို့ဆိုပါတယ်။

(အင်တာနက်)

မြင့်မောင်စိုး – စုစည်းသည်

တိုက်စစ်မှူး ဖော်ကောအား ဘောလုံးသူရဲကောင်းအဖြစ် ချီးကျူး

ဘူခါရက် မေ ၁၁

အက်သလက်တီကိုတိုက်စစ်မှူး ရာဒါမဲလ်ဖော်ကောအား အက်သလက်တီကိုနဲ့ ဘီလ်ဘာအိုတို့ကစားခဲ့ကြတဲ့ ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ အနိုင်ဂိုးနှစ်ဂိုး သွင်းယူပေးခဲ့ပြီးတဲ့နောက် စပိန်မီဒီယာများက အက်သလက်တီကိုအသင်းရဲ့ သူရဲကောင်းအဖြစ် ချီးမွမ်းပြောဆိုခဲ့ကြပါတယ်။

သူဟာ အက်သလက်တီကိုက ဘီလ်ဘာအိုအသင်းကို သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့ရာမှာ ပထမပိုင်းမှာ အနိုင်ဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သူပါ။ ဖော်ကောဟာ ပြီးခဲ့တဲ့နှစ် ယူရိုပါလိဂ်ဗိုလ်လုပွဲမှာလည်း အက်သလက်တီကိုက ပေါ်တိုအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ရာမှာ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့တဲ့သူလည်းဖြစ်ပါတယ်။ သူဟာ ယူရိုပါလိဂ်ပြိုင်ပွဲ နှစ်ရာသီအတွင်း ဂိုးပေါင်း ၂၉ ဂိုးအထိ သွင်းယူခဲ့သူပါ။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး ဖော်ကောကို ပြီးခဲ့တဲ့နှစ် နွေရာသီက မာကာအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ကိုလံဘီယာကြယ်ပွင့်များဖြစ်တဲ့ ဒီဂိုဖော်လန်နဲ့ ကွန်းအဂူရိုတို့ ထွက်သွားပြီးတဲ့နောက် အက်သလက်တီကိုက ခေါ်ယူခဲ့တာဖြစ်ပါတယ်။

(အင်တာနက်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန်　မေ　၁၁

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာလွှတ်တော်များအကြား အပြန်အလှန်ဆက်ဆံရေးဖလှယ်မှုပြုလုပ်ရန် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ပြီးနောက် ယနေ့ညနေ ၆ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အမျိုးသားလွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Takashi SAITO၊ လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ပြန်လည်လိုက်ပါ

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်၊ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ အမျိုးသားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းနှင့် အမျိုးသားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏအောင်မြင့်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့်အဖွဲ့ အမေရိကန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့

နေပြည်တော်　မေ　၁၁

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ ဘော်လ်တီမိုးမြို့ရှိ ဂျွန်စ်ဟော့ပ်ကင်းစ်တက္ကသိုလ်၏ ဖိတ်ကြားချက်အရ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၇ ရက်တွင် အမေရိကန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျွန်စ်ဟော့ပ်ကင်းစ်တက္ကသိုလ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ဂျွန်စ်ဟော့ပ်ကင်းစ်တက္ကသိုလ် ဘလွန်းဘာ့ဂ်ပြည်သူ့ကျန်းမာရေးကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးရာဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell၊ အထူးသံတမန် Derek Mitchell၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Kathleen Sebelius၊ President's Emergency Plan for AIDS Relief - PEPFAR မှ Ambassador Mr. Eric Goosby တို့အား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။ **(အပေါ်ယာပုံ)**

အလားတူ Centers for Disease Control and Prevention-CDC၊ Food and Drug Administration - FDA၊ National Institutes of Health - NIH၊ Office of Global Affairs - OGA၊ Substance Abuse and Mental Health Services Administration - SAMHSA၊ Health Services and Resources Administration - HSRA၊ Assistant Secretary for Preparedness and Response -ASPR စသည့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်မြင့်မားစေမည့်နည်းလမ်းများ ပူးပေါင်းအကောင်အထည်ဖော်ရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် United States Agency for International Development- USAID မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ရောဂါကာကွယ်နှိမ်နင်းရေး၊ မိခင်နှင့်ကလေးကျန်းမာရေး၊ ဆေးပညာသင်ကြားရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ဝါရှင်တန်ဒီစီမြို့ရှိ ပြည်သူ့ကျန်းမာရေးဆေးကုသဌာနများအား လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ ဘော်လ်တီမိုးမြို့၊ ဝါရှင်တန်ဒီစီမြို့နှင့် နယူးယောက်မြို့များရှိ လူမှုရေးအထောက်အကူပြု အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခြင်း၊ Mount Sinal ဆေးရုံ၊ Memorial Sloan Kettering ဆေးရုံ၊ Children's Memorial ဆေးရုံ၊ Stanford ဆေးတက္ကသိုလ်နှင့်ဆေးရုံ၊ ယေးလ်တက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ်၊ အမ်အိုင်တီတက္ကသိုလ်၊ GE သုတေသနဌာနနှင့် စက်ရုံများ၊ ကယ်လီဖိုးနီးယားတက္ကသိုလ် စသည့်ဌာနများအား သွားရောက်ကြည့်ရှုလေ့လာခြင်း၊ ဘော်လ်တီမိုးမြို့၊ နယူးယောက်မြို့၊ ချီကာဂိုမြို့နှင့် လော့စ်အိန်ဂျလိစ်မြို့များတွင် ရောက်ရှိနေကြသော မြန်မာဆရာဝန်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြှင့်တင်ရေးအစီအမံများအား ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် အနီးဝန်းကျင်ဒေသများ ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်ပေးနိုင်တော့မည့် ကိုဒူကွဲရေလှောင်တမံကို ဤသို့ တွေ့ရသည်။

ပဲခူးမြို့ဝန်းကျင်ဒေသ ရေကြီးရေလျှံဖြစ်ပွားမှုမှ သက်သာတော့မည်

➤ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

နေပြည်တော်　မေ　၁၁

"တောင်ကျရေတိုး၊ ပဲခူးရေလျှံ" ဟူသော စကားကို ငယ်စဉ်ကတည်းက ထပ်တလဲလဲကြားခဲ့ဖူးသည်။ ထိုသို့ကြားတိုင်း မြင့်မားညို့မှိုင်းနေသော ပဲခူးရိုးမတောင်တန်းကြီးကို လှမ်းမျှော်ကြည့်ရင်း ဤတောင်တန်းကြီးတည်ရှိနေသမျှ နှစ်စဉ်မိုးရာသီတိုင်း ပဲခူးမြို့ ရေလျှံမှုဒဏ်ခံနေရတော့မှာလားဟု အကြိမ်ကြိမ်တွေးရင်း စိတ်မောလူမောဖြစ်ခဲ့ရဖူးသည်။ ပဲခူးမြို့နှင့် အနီးဝန်းကျင်ဒေသများ ရေကြီးရေလျှံမှုဖြစ်ပွားတိုင်း တစ်နိုင်ငံလုံးမှ ပြည်သူများ စာနာစိတ်ဖြင့် ကရုဏာဖြစ်ခဲ့ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●